



အောင်ဝေး

# မဲဆောက်ကွန်မြွန်းမှတိုက်ပွဲဝင်ကဗျာများ

# ကိုဗဟိန်း မှသည် ကျော်ကိုကို အထိ ...



ဗိုလ်ချုပ်အောင်ဆန်း မှသည် ဒေါ်အောင်ဆန်းစုကြည် အထိ
၁၃၀၀ပြည့် အရေးတော်ပုံ မှသည် ၂၀၀၇ (ဩဂုတ်- စက်တင်ဘာ) ရွှေဝါရောင် အရေးတော်ပုံ အထိ

၁၉၃၈- အလုပ်သမား၊ လယ်သမား၊ ကျောင်းသား ပေါင်းစည်းမှု မှသည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး
၁၉၄၅- မတ်လတော်လှန်ရေး မှသည် ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး
၁၉၆၂- ဇူလိုင် (၇)ရက် (ဆဲဗင်း ဂျူလိုင်) မှသည် တော်လှန်ရေးကောင်စီ စစ်အစိုးရ ပြုတ်ကျရေး
၁၉၆၃- ပြည်တွင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲ မှသည် တော်လှန်ရေးကောင်စီ စစ်အစိုးရ ပြုတ်ကျရေး
၁၉၇၄- ဇွန် (၆)ရက် အလုပ်သမား အရေးအခင်း မှသည် မဆလ စစ်အစိုးရ ပြုတ်ကျရေး
၁၉၇၄- ဒီဇင်ဘာ၊ ဦးသန့်အရေးအခင်း မှသည် မဆလ စစ်အစိုးရ ပြုတ်ကျရေး
၁၉၇၅- ဇွန်၊ ရွှေတိဂုံ အထွေထွေသပိတ် မှသည် မဆလ စစ်အစိုးရ ပြုတ်ကျရေး
၁၉၇၆- မှိုင်းရာပြည့် မှသည် မဆလ စစ်အစိုးရ ပြုတ်ကျရေး
၁၉၈၈- ရှစ်လေးလုံး လူထုအုံကြွမှု မှသည် မဆလ စစ်အစိုးရ ပြုတ်ကျရေး၊ ဒီမိုကရေစီ ရရှိရေး
၁၉၈၈- စက်တင်ဘာ (၁၈)၊ စစ်တပ် အာဏာသိမ်းခံရခြင်း မှသည် နဝတ စစ်အစိုးရ ပြုတ်ကျရေး၊ ဒီမိုကရေစီ ရရှိရေး
၁၉၈၉- ဇူလိုင်၊ ဒေါ်အောင်ဆန်းစုကြည် ထိန်းသိမ်းခံရခြင်း မှသည် နဝတ စစ်အစိုးရ ပြုတ်ကျရေး၊ ဒီမိုကရေစီ ရရှိရေး
၁၉၉၀- အန်အယ်လ်ဒီ ရွေးကောက်ပွဲ အနိုင်ရခြင်း မှသည် နဝတ စစ်အစိုးရ ပြုတ်ကျရေး၊ ဒီမိုကရေစီ ရရှိရေး
၁၉၉၅- ဇူလိုင်၊ ဒေါ်အောင်ဆန်းစုကြည် ပြန်လည် လွတ်မြောက်ခြင်း မှသည် နဝတ စစ်အစိုးရ

ပြုတ်ကျရေး၊ ဒီမိုကရေစီ ရရှိရေး
၁၉၉၆- ကျောင်းသားအရေးအခင်း မှသည် နဝတ စစ်အစိုးရ ပြုတ်ကျရေး၊ ဒီမိုကရေစီ ရရှိရေး
၂၀၀၃- မေ(၃၀)၊ ဒေါ်အောင်ဆန်းစုကြည် ဒီပဲယင်း လုပ်ကြံခံရမှု မှသည် နအဖ စစ်အစိုးရ
ပြုတ်ကျရေး၊ ဒီမိုကရေစီ ရရှိရေး
၂၀၀၆- ၈၈ မျိုးဆက်ကျောင်းသားများ၏ အဖြူရောင် လှုပ်ရှားမှု မှသည် နအဖ စစ်အစိုးရ
ပြုတ်ကျရေး၊ ဒီမိုကရေစီ ရရှိရေး၊ အမျိုးသား ပြန်လည် သင့်မြတ်ရေး
၂၀၀၇- ဩဂုတ်- စက်တင်ဘာ၊ သံဃာ၊ ကျောင်းသား၊ ပြည်သူ ရွှေဝါရောင် သွေးစည်းမှု၊
အဝါရောင်သွေး တော်လှန်ရေး မှသည် နအဖ စစ်အစိုးရ ပြုတ်ကျရေး၊ ဒီမိုကရေစီ ရရှိရေး၊
အမျိုးသား ပြန်လည် သင့်မြတ်ရေး

လွတ်လပ်ရေး ...
ဒီမိုကရေစီရေး ...
ငြိမ်းချမ်းရေး ...
တရားမျှတရေး ...
လူ့အခွင့်အရေး ...
ညီညွတ်ရေး ...
အရေးတော်ပုံပေါင်း
ထောင်သောင်းမက
မြောက်မြားလှစွာ
သမိုင်းစာမျက်နှာမှာ
ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်
"ဗကသ" ဆိုတာ
All Burma Federation of Student Unions
"ABFSU" ဆိုတာ
ရာဇဝင် ပြောင်မြောက်
မကြောက် သတ္တိ
နီဘိရဲရဲ
ခွပ်ဒေါင်း အသည်းနဲ့
ဖိနှိပ်သူ မုန်းသမျှ
စစ်အာဏာရှင် မုန်းသမျှ
အမြဲတော်လှန် ဖြုတ်ချတဲ့
အာဂ အင်အားစု ကျောင်းသားထုရဲ့
တိုင်းပြုပြည်ပြု
ဦးဆောင်မှု အလံတော်ပဲ။

ဒီအလံတော်ကို
မြစ်ရေပေါ်မှာ
ကျဆုံးသူများရဲ့ အုတ်ဂူပေါ်မှာ

လူထုရဲ့ ရင်ပြင်တော်မှာ
ပြည်သူ့တပ်ဦးမှာ
မြူးမြူးကြွားကြွား
ငွားငွားစွင့်စွင့်
ဒေါ့ထက်ပိုပြီး ရဲရဲရင့်ရင့်
မြင့်မြင့်မားမား လွှင့်ထူကြရမယ်။

"မြင်းခွာ တချက်ပေါက်ရင်
ဗမာတပြည်လုံး
မီးဟုန်းဟုန်း တောက်စေရမယ်" ဆိုတဲ့
ကျောင်းသားခေါင်းဆောင် ကိုဗဟိန်း မှသည် ...

"ဒီမိုကရေစီ အရေးတော်ပုံကြီးအတွက်
အရိုးတွေ တောင်လိုပုံမှ ရမယ်ဆိုရင်
ကျနော်တို့ ကျောင်းသားတွေရဲ့ အရိုးက
ဟိုး အောက်ဆုံးမှာ ရှိနေပါလိမ့်မယ်" ဆိုတဲ့
ကျောင်းသားခေါင်းဆောင် မင်းကိုနိုင် မှသည် ...

၂၀၀၈ ငါတို့ခေတ်နှင့် အပြိုင်
ရင်ဆိုင် ချီတက်
မျိုးဆက်သစ် အရေးတော်ပုံ
ရွှေဝါဂုံ သပိတ်စခန်း မှသည်
နေပြည်တော် သိမ်းပိုက်ရေးအထိ
သွေးမော်ကွန်းပောင်း၊ လမ်းသစ်ကြောင်းမှာ
ခွပ်ဒေါင်း အလံတော်၊ တိုက်ပွဲခေါ်
(ဒါဟာ ...)
ကျော်ကိုကိုတို့ခေတ်ရဲ့
ဗကသ အောင်ပွဲဖြစ်တယ်။

ဒါဟာ ...
ကျော်ကိုကိုတို့ခေတ်ရဲ့
"ဗကသ"
မဟာ အောင်ပွဲ ဖြစ်တယ်။ ။

အောင်ဝေး (ခေတ္တ ပုန်းခိုကျင်း တနေရာ) (၁၄-၁၀-၀၇)

*(မျိုးဆက်သစ် ဗကသ ကျောင်းသားခေါင်းဆောင် ရာဟု(ခ)ကျော်ကိုကို အဖမ်းမခံရဘဲ ထွက်ပြေးလွတ်မြောက် သွားသည့် သတင်းကို ကြားရပြီးနောက် ဤကဗျာကို ရေးပါသည်)*

# စုစုနွေး ဖတ်ဖို့ ကဗျာရှည်တပုဒ်






လေဆန်မှာ မြားတန်းလန်းနဲ့
ပျံသန်းရဲတဲ့ ငှက်သာ
မနက်ဖြန်အတွက် ဖြစ်တယ်။

ညီမလေး
ငါတို့ကတော့
တနှစ်အတွင်း အနိုင်တိုက်ရေး
အာဏာသိမ်းပိုက်ရေးပဲ ညီမလေး။

ဒီည
ငါ သတိရနေတယ်။

ညီမလေး
စိမ်းမှောင်မှောင် ပုန်းရှောင်နေရတဲ့
ဝပ်ကျင်းကလေးထဲကနေ
ငါ သတိရနေတယ်။

ဒီည
လရောင်က ငါ့မှာ မရှိဘူး။

ညီမလေး
အပြင်ဘက်မှာ လရောင်က
လုံခြုံရေးတွေ အတင်းအကျပ်ချထားတဲ့
အနိဋ္ဌာရုံတွေပေါ်မှာ
အလုံးအရင်းနဲ့ သွန်ကျနေမပေါ့။

စစ်တပ်က အတင်းဝင်ရောက် စီးနင်းခဲ့တဲ့
ဘုန်းကြီးကျောင်းတွေပေါ်မှာ
ဂျပန်သတင်းထောက် ကန်ဂျိနာဂအိ
လဲကျ သေဆုံးသွားတဲ့ နေရာ
အနော်ရထာလမ်းပေါ်မှာ
ညီမလေး ...
ရွှေတိဂုံ အရှေ့မုခ် လမ်းမပေါ်မှာ
ဆူးလေဘုရား ပရိဂုဏ်တဝိုက်မှာ
တာမွေ အထက(၃) ကျောင်းရှေ့မှာ
ညီမလေး ...
ရန်ကုန်မြို့ နေရာအနှံ့က
မခြောက်သေးတဲ့ သွေးကွက်တွေပေါ်မှာ
လရောင်က
နာကြည်း ခံပြင်းစွာပဲ
ထိုးကျနေမှာပေ့ါ ညီမလေး။

ဝပ်ကျင်းကလေးထဲ
ငါ စဉ်းစားနေမိရဲ့
ဒါဟာ
"သွေးစွန်းသော ငွေလမင်း" ပါပဲ ညီမလေးရယ်။

ငါ မဖြေသိပ်နိုင်ဘူး။
ငါ ခွင့်မလွှတ်နိုင်ဘူး။

ညီမလေး
ငါတို့ကတော့
တနေ့စ်အတွင်း အနိုင်တိုက်ရေး
အာဏာသိမ်းပိုက်ရေးပဲ ညီမလေး။

ငါတို့ မကျေအေးနိုင်ဘူး။
ငါတို့ မစေ့စပ်နိုင်ဘူး။

ညီမလေး
ငါတို့ကတော့
အဲဒီ "လရောင် သွေးစွန်းမှု" အပေါ်
တရားမျှတမှု အတွက်
တရားမျှတမှုနဲ့ပဲ
တရားစီရင်ရမှာပဲ ညီမလေး။

ငါတို့ အချိန်မဆိုင်းနိုင်တော့ဘူး။
ငါတို့ အချိန်မဖြုန်းနိုင်တော့ဘူး။

ညီမလေး ...
“စက်တင်ဘာ သွေးချောင်းစီးမှု” အပေါ်
တာဝန်ရှိတဲ့ မည်သူမဆို
စစ်ဗိုလ်၊ စစ်သား၊ လုံထိန်းရဲ
ကြံ့ဖွံ့၊ စွမ်းအားရှင်၊ သတင်းပေး
မိစ္ဆာဒိဋ္ဌိ လွှတ်လမ်းမမြင်သူတွေ
ညီမလေး ...
ဘုရားသားတော်တွေ သံဃာတွေကိုတောင်
မရှောင် ရိုက်နက် သတ်ဖြတ် ပစ်ခတ်
ငရဲကြီး ရှစ်ထပ်
အဝီစိ ဂျိုးကပ်မယ့်
စစ်တပ်က အာဏာရှင် လက်တဆုပ်စာ
ညီမလေး ...
တရားမျှတမှုအတွက်
တရားမျှတမှုနဲ့
သူတို့ကို မညှာမတာ
လူထုခုံရုံး တင်ရမှာပဲ။

ငါတို့ မစောင့်နိုင်တော့ဘူး။
ငါတို့ လက်လွှတ်မခံနိုင်တော့ဘူး။

ညီမလေး
စစ်အစိုးရဟာ
တနှစ်အတွင်း ပြုတ်ကျသွားစေရမယ်။

ညီမလေး
လူထုအစိုးရဟာ
တနှစ်အတွင်း ပေါ်ထွန်းလာစေရမယ်။

ဒီည
ငါ ယုံကြည် မျှော်လင့်နေတယ် ညီမလေး။

ငါ ပုန်းအိပ်နေတဲ့
ဝပ်ကျင်းကလေးထိပ်မှာ
မျှော်လင့်ချက် အရိပ်အယောင်တွေ
ပြည့်သိပ် ထွန်းလင်းနေတယ် ညီမလေး။

ငါ့အခန်း ကျဉ်းကျဉ်းကလေး
ပြတင်းပေါက်ကနေ
အပြင်ဘက်ကို ကြည့်လိုက်ရင်
ဝိုးတဝါး လရောင်အောက်မှာ
ဘူးစင်ကလေး တစင်
မြင်နေရတယ်။

ဘူးညွှန့်နွယ်ကလေးတွေ
လေထဲမှာ တလွင့်လွင့်
စင်ပေါ်ကို
အဆင့်ဆင့် ကြိုးစား တွယ်တက်နေကြတာပေါ့။

တော်လှန်ရေးကို
ငါ မြင်နေရတာပါကွယ်။

လရောင် ကြယ်ရောင် အောက်ကနေ
နေရောင် တောက်ပတဲ့ တနေ့
အဲဒီဘူးညွှန့် စိမ်းစိမ်းကလေးတွေ
စင်ပေါ်ကို ကျိန်းသေရောက်မှာပဲ။

ညီမလေးရယ်
တော်လှန်ရေးကို ငါမြင်နေရပါပေ့ါ။

“Evolutionary revolution” တဲ့
တို့တတွေ
ဘူးညွှန့်နွယ်လေးတွေလို
အဆင့်ဆင့် တော်လှန်ပြောင်းလဲခဲ့ကြပြီ။

ဒီတခါ
တို့ တော်လှန်ပြောင်းလဲဖို့ကတော့
တနစ်အတွင်း အနိုင်တိုက်ရေး
အာဏာသိမ်းပိုက်ရေးပဲ ညီမလေး။

အားမငယ်ပါနဲ့ ညီမလေး
"အာဇာနည်မျိုး သေရိုးမရှိ" တဲ့။

တိုက်ပွဲရဲ့ အဘိဓမ္မာ
တိုက်ပွဲရဲ့ အနုပညာတွေ
တို့မှာ အပြည့်
ဘူးနွယ်ညွန့်လေးတွေ
စင်ပေါ်ရောက်တဲ့ တနေ့
"၈၈ မျိုးဆက်"
"အန်အယ်လ်ဒီ လူငယ်"
"သုံးရောင်ခြယ်"
"အကြမ်းမဖက်"
"ဗကသ"
"တကသ"
... ... ...
တို့မောင်နှမတွေ
"ဒေါ်အောင်ဆန်းစုကြည်" ရဲ့ အလံတော်အောက်မှာ
တယောက်ကို တယောက်
ပြန်လည် တောက်ပနိုင်ကြမှာပါ။

အခုတော့ ညီမလေးရေ
မင်းလည်း ပုန်းနေပါဦး
အိုးဝေရဲသိန်းနိုင်ကိုလည်း စောင့်ရှောက်ပါဦး
အားမွေးထားပါဦး။


စစ်အစိုးရဟာ
မကြာခင်မှာ
ဘုန်းဘုန်းလဲပြိုသွားရတော့မယ်။

လူထုအစိုးရ
တို့ အစိုးရဟာ
မကြာခင် အောင်ပွဲခံဖို့ သေချာနေပြီ။

ယုံကြည်ပါ ညီမလေး
လေဆန်မှာ မြားတန်းလန်းနဲ့
ပျံသန်းရဲတဲ့ ငှက်သာ
မနက်ဖြန်အတွက် ဖြစ်တယ်။

အောင်ဝေး
(၂၈-၉-၂၀၀၇)
(ခေတ္တ ပုန်းခိုကျင်း တနေရာ)

# ထောင်ဝင်စာ



မောင်ရေ ...
ထောင်တွေဟာ အောင်မြေပါပဲကွယ်။

ကောင်းကင်တနန်း
ကျောင်းသင်္ခမ်းမှာ
ဒေါင်းအဆင်ဆန်းတွေနဲ့
ပဝါအလံ ထူရမယ်။

တုတ်ရရ၊ ခဲရရ
လှံရရ၊ ဓားရရ
ရသမျှနဲ့
တရားမမျှတတဲ့
နအဖကို
ထထကြွကြွ
'ချဟ ... ချဟ' လို့
ရှုတ်ချကြ ဖြုတ်ချရမယ်။

မောင်ရေ ...
ထောင်တွေဟာ အောင်မြေပါပဲကွယ်။

အတိတ်ပုံလွှာ
ရာဇဝင်မှာ

'အင်္ဂလိပ်အခက်၊ ဗမာ့အချက်' တဲ့
နိမိတ်ကြုံလာ
မကြာခင်ဟာ
နအဖအခက် ပြည်သူ့အချက် ပေါ့
သပိတ်အစုံမှာ
သူပုန်ထရမယ်။

မောင်ရေ ...
ထောင်တွေဟာ အောင်မြေပါပဲကွယ်။

သံဃာတွေ၊ ကျောင်းသားတွေ
ပြည်သူတွေကို
ငပေငတေစိတ်နဲ့
မသေတသေ ပိတ်ပြီး
အသေအကျေ နှိပ်တဲ့
ကလေကချေ ပလိပ် သန်းရွှေ
အသံလွင့်သွားအောင်
အထွေထွေ သပိတ်စခန်းတွေ
အမြန်ဖွင့်ထားရမယ်။

မောင်ရေ ...
ထောင်တွေဟာ အောင်မြေပါပဲကွယ်။

ဒဂ်ရာစိုစို
ခန္ဓာကိုယ်မှာ
ညိုပုပ်ရောင်ရမ်းပစေ
မငိုမလှုပ်
မပြုံမဆုတ်နဲ့
ဗိုလ်ချုပ်အောင်ဆန်းတွေ မွေးရမယ်။

မောင်ရေ ...
ထောင်တွေဟာ အောင်မြေပါပဲကွယ်။

စစ်ကျွန်
ခေတ်အလွန်မှာ
နွံနစ်နေတဲ့
မြစ်ကိုလည်း သွန်ပစ်ရမယ်
သွန်တဲ့အထဲ

လက်ကိုင်တုတ် စစ်သားနဲ့ ရဲ
ထောင်ဝန်ထမ်းတွေလည်း ပါတယ်။

မောင်ရေ ...
ထောင်တွေဟာ အောင်မြေပါပဲကွယ်။

ကြံ့ဖွံ့တွေ
လန့်ကျွတ်နေအောင်
အမြဲကြိမ်းမောင်းပြီး
စွမ်းအားရှင်တွေ
လမ်းသလားရင်လေ
အမြဲ ဗိန်းမောင်းတီး
တောထုတ်နေရမယ်။

မောင်ရေ ...
ထောင်တွေဟာ အောင်မြေပါပဲကွယ်။

ဘုရားရုပ်တု ဖြိုတဲ့
အာဖဂန်က တာလီဘန်တွေ
ဘုရားရိုက်လို့ သေတယ်
မြန်မာပြည်က
သံဃာသတ်တဲ့ နွားသန်းရွှေ
ဘုရားလည်း ရိုက်
ပြည်သူလည်း ရိုက်လို့ သေရမယ်။

မောင်ရေ ...
ထောင်တွေဟာ အောင်မြေပါပဲကွယ်။

ဘယ်ကလေး မေးမေး
သွေးကြွေးမှာ ဆွေးနွေးစရာ
အကြောင်းမရှိ
ဒေါ်ငြိမ်းအမိ သိပါစေ။

မောင်ရေ ...
ထောင်တွေဟာ အောင်မြေပါပဲကွယ်။ ။

အောင်ဝေး (ခေတ္တ ပုန်းခိုကျင်း တနေရာ)
၅-၁၀-၂၀၀၇

## နောက်ဆုံးပေါ် ရောဂါ



ဒီရောဂါဟာ
ကုရာနတ္ထိ ဆေးမရှိ။

ဒီရောဂါဟာ
မြန်မာပြည်ကလွဲလို့
ကမ္ဘာမှာ မရှိသေးဘူး။

ဒီရောဂါဟာ
လွှတ်ထားရင်
ကမ်းကုန်အောင် ရက်စက်တယ်။

ဒါပေမယ့်
ဒီရောဂါမှာ
လူတွေကို ကြောက်တဲ့ရောဂါ
ဝင်နေတာ ကြာပြီ။

ဒီရောဂါဟာ
ကြောက်ကန်ကန်ပြီး
မြင်မြင်ရာ အကြမ်းဖက်တော့တာပဲ။

ကျနော်တို့
ဒီရောဂါမရဖို့
သေနတ်ပြောင်းတွေကို
ကွန်ဒုံးစွပ်မှ ဖြစ်တော့မယ်။ ။

အောင်ဝေး
(ခေတ္တ ပုန်းခိုကျင်း တနေရာ)

# Escaped from State Terrorism



After the violence,
I make my way into non-violence.
After the crack-down,
I am on my way to liberated area now.

In the recent old darkness,
I hid my soul under the bloodshed.
During the wartime like days,
I fled from my bomb-shelters away.

Oh! My lover, I was being peeped and sniped.
Oh! My lover, I was being preyed and hunted.

But, our sanghas, they save me.
But, our students, they help me.
But, our people, they guard me.
But, our friends, they love me.

Now here, crossing the bridge of the trouble
Freedom fighters, Democracy lovers embrace me well.

Now here, according to the freedom, justice and peace
I am a free man indeed.

Now here, among the white doves
My dream will come true first.

Now here, under our dramatic revolution flags
Let's take our breaths and —
Let's march on ahead.

Aung Way

Poet of Myanmar

# အမေလူထုဒေါ်အမာ ၉၂နှစ်ပြည့် မွေးနေ့ ဂုဏ်ပြုကဗျာ




အမေနဲ့ သား (သို့) "သ"ဝဂ်ကထာ
(အမေလူထုဒေါ်အမာ ၉၂နှစ်ပြည့် မွေးနေ့သို့ ...)
အောင်ဝေး
ပုံတူ-ပန်းချီမင်းကျော်ခိုင်

(၁)
အမေ ကျနော့်ကို မတားနဲ့
ကျနော် ဒေါ်အောင်ဆန်းစုကြည်အိမ် သွားမှ ဖြစ်မယ်။

အမေ ... အမေ့ကိုတော့ ကျနော် တားပါရစေ
အမေ တမလွန် ခရီးကို မသွားပါနဲ့ဦး
ကျနော်တို့ ဒီမိုကရက်တစ်နိုင်ငံတော်ဆီ သွားရဦးမယ် အမေ ...။

(၂)
အမေ ကျနော့်ကို မတားနဲ့
ကျနော် နေပြည်တော်ကို သိမ်းမှ ဖြစ်မယ်။

အမေ ... အမေ့ကိုတော့ ကျနော် တားပါရစေ
အမေ ... လူ့ဘဝကို မသိမ်းပါနဲ့ဦး
ကျနော်တို့ သွေးစွန်းနေတဲ့ သင်္ကန်းတွေ
သွေးစွန်းနေတဲ့ ဒေါင်းအလံတွေ
သွေးစွန်းနေတဲ့ မျက်ရည်တွေ သိမ်းရဦးမယ် အမေ ...။

(၃)
အမေ ကျနော့်ကို မတားနဲ့
ကျနော် စစ်အာဏာရှင်မှန်သမျှ သတ်မှဖြစ်မယ်။

အမေ ... အမေ့ကိုတော့ ကျနော် တားပါရစေ
အမေ ပရိဒေဝမီးတွေ မသတ်ပါနဲ့ဦး
ကျနော်တို့ အစိုးရအကြမ်းဖက်ဝါဒကို သတ်ရဦးမယ် အမေ
ကျနော်တို့
.................. အစိုးရ အကြမ်းဖက်ဝါဒကို
..................................... သတ်ရဦးမယ် အမေ ...။ ။

အမေ့သား-အောင်ဝေး
(၂၃-၁၀-၂၀၀၇)
(ခေတ္တ ပုန်းခိုကျင်း တနေရာ)

*(မေတ္တာဖြင့် ပံ့တူရေးဆွဲပေးပို့လာသော
ပန်းချီမင်းကျော်ခိုင်အား အထူးကျေးဇူးတင်ရှိပါသည်)*

# မဂ္ဂင်ကျောင်းကို သက်သေတည်



အောင်ဝေး

(၁)
မြန်မာစစ်အစိုးရက မဂ္ဂင်ကျောင်းကို ချိတ်ပိတ်လိုက်သတဲ့။
ဓမ္မန္တရာယ် 'နအဖ' သေနတ်ပြောင်းထိပ်မှာ 'ဖဲပြားနီ'တွေ ချိတ်ကြ။

(၂)
အို ... မြန်မာပြည်က 'PLHA'* များ
ခင်ဗျားတို့ရဲ့ အဝေးရောက်ကဗျာဆရာ ကျနော့်ရင်ဘတ်မှာ
ခင်ဗျားတို့ ထိုးပေးလိုက်တဲ့ ဖဲပြားနီကလေး ရှိနေဆဲပါ။

၂၀၀၇ မေလ(၂၀)ရက် အင်းလျားကန်စောင်း မနက်
AIDS နဲ့ ကွယ်လွန်သွားသူတွေအတွက်
AIDS နဲ့ ရှင်ကျန်နေသူတွေရဲ့
ဘာသာကြီး (၄)ရပ် ဖယောင်းတိုင်ထွန်း ဆုတောင်းပွဲမှာ
ခင်ဗျားတို့ကို နှစ်သိမ့်အားပေးဖို့ ကျနော် ကဗျာတွေ ရွတ်ပြခဲ့တယ်။

ခင်ဗျားတို့ရဲ့ ကျေးဇူးတင် ဝမ်းမြောက်နေတဲ့ မျက်လုံးတွေ
ကျနော် မမေ့နိုင်သေးပါ။

(၃)
အခု ခင်ပျားတို့ ခိုလှုံနားနေရာ မဂ္ဂင်ကျောင်းကို
မြန်မာစစ်အာဏာပိုင်တွေက ပိတ်လိုက်ပြီဆိုတဲ့ သတင်းကြားတဲ့အခါ
ကျနော် ဒီစစ်ခွေးတွေကို ဒေါသဖြစ်တယ်။
ခင်ပျားတို့ 'PLHA' တွေအတွက် ကျနော် စိုးရိမ်တယ်။

ခင်ပျားတို့ အလွန်အားကိုးတဲ့
မဖြူဖြူသင်း ရှောင်တိမ်းနေရတယ်။

ခင်ပျားတို့ကို ကူညီစောင့်ရှောက်နေတဲ့
မဂ္ဂင်ကျောင်း ဆရာတော် ဦးဣန္ဒက အဖမ်းခံနေရတယ်။
ကိုသန်းနိုင် အဖမ်းခံနေရတယ်။
NLD ဖဲကြိုးနီလူငယ်တွေ ထွက်ပြေးနေရတယ်။

ဩော် ... အော့နလုံးနာ ရွံမုန်းစရာ
လူမဆန်တဲ့ မိစ္ဆာစစ်အစိုးရ လက်အောက်မှာ
AIDS ဝေဒနာသည်တွေ ခမျာတောင်
အနေမဖြောင့်နိုင်ကြပါလား။

(၄)
ကျနော် စိတ်နာတယ်
အစိုးရ အကြမ်းဖက်ဝါဒ သေနတ်ပြောင်းထိပ်မှာ 'ဖဲပြားနီ'တွေ ချိတ်ကြ။

လူသားချင်း စာနာမှုတရား ခေါင်းပါးလိုက်ကြတာ
သံဃာကိုသတ် သာသနာတော်ကို စော်ကား တိုင်းသူပြည်သားတွေကို နှိပ်စက်
ဟာစ်တလာ၊ မူဆိုလီနီ၊ နာဇီဖက်ဆစ်တွေက ပထွေးခေါ်ရမယ့်
ဒင်းတို့ စစ်ခွေးတွေရဲ့ 'အာဏာစက်'ကို
ဓမ္မစက်နဲ့ သာမက AIDS နဲ့ပါ ဖျက်ရမယ်
ဒီဖက်ဆစ်အစိုးရ ပျက်ရမယ်။

'PLHA' တွေ ရှေ့ထွက်ကြလော့။
အားမငယ်ပါနဲ့ မျက်ရည်သုတ်လိုက်စမ်းပါ။
မကြောက်မရွံ့ နောက်မတွန့်ပါနဲ့ လက်သီးဆုပ်လိုက်စမ်းပါ။

ဖက်ဆစ် သံဖနောင့်အောက်က လွတ်မြောက်ဖို့
ရွှေဝါရောင်တော်လှန်ရေး အလံတော်အောက်မှာ စုရုံးလိုက်
စစ်အာဏာရှင်တွေကို ရဲရဲ စိန်ခေါ်လိုက်စမ်းပါ။

စစ်အာဏာရှင်စနစ်အောက်မှာ
ဒီမိုကရေစီဆိုတာ တောင်းယူလို့မရ၊ တိုက်ယူမှ ရမယ်။

နာကြည်းမှုတွေကို အင်အားအဖြစ်ပြောင်းလဲ ပြည်သူနဲ့ လက်တွဲ
အရှိန်ပြင်းပြင်း မီးတောင်တလုံး ပေါက်ကွဲသလို
မြန်မာတပြည်လုံးက 'PLHA'တွေ တိုက်ပွဲဝင်ကြလော့။

လူဆိုတာ မသေခင်မှာပဲ ရှင်သန်နေရတာ
ရှင်သန်နေတုန်းခဏ လူဖြစ်ရကျိုးနပ်အောင်
'PLHA'ဘဝက လွတ်မြောက် 'PLHD'**ဘဝ ရောက်အောင်
နအဖ ဒေါက်တိုင်တွေကို ရိုက်ချိုးကြလော့။
'PLHA'သွေး၊ ဈေးဈေးနီကြ။
'PLHA'အသည်း၊ ရဲရဲနီကြ။
'PLHA'အပေါင်း၊ မဂ္ဂင်ကျောင်းကို ပြန်ဖွင့်ကြ။
လူသတ်သမား ငွေးသန်းရွှေ သေနတ်ပြောင်းထိပ်မှာ
'ဖဲပြားနီ'တွေ ချိတ်ကြ။

(၅)
ကမ္ဘာ့သမိုင်း စာမျက်နှာမှာ
"မြန်မာစစ်အစိုးရဟာ
AIDS ဝေဒနာသည်တွေက ဖြုတ်ချပစ်တဲ့
တခုတည်းသော စစ်အစိုးရ" ဖြစ်သွားအောင်
'PLHA'တွေ သက်သေပြဖို့ အချိန်တန်ပြီ
မဂ္ဂင်ကျောင်းကို ... သက်သေတည်။
မဂ္ဂင်ကျောင်းကို ... ...သက်သေတည်။
မဂ္ဂင်ကျောင်းကို ... ... ... သက်သေတည်။ ။

*ခင်ဗျားတို့ရဲ့ ကဗျာဆရာ*
အောင်ဝေး
၁-၁၂-၂၀၀၇

PLHA*=People Living with HIV/AIDS
PLHD**=People Living with Human right & Democracy

## ဂရေ့စ် (ခ) လဗ္ဗန်ဆိုင်းဂျာသို့ တမ်းချင်း



အောင်ဝေး
ပုံတူ-ပန်းချီမင်းကျော်ခိုင်

ကချင်မလေး
မင်းဟာ ငါ့အဖို့တော့
ဒီလွတ်မြောက်နယ်မြေမှာ
ပထမဆုံး ပွင့်တဲ့ ပန်းကလေးပါပဲ။

ကျေးဇူးတင်တယ်
ကချင်မလေး။

ဒီလွတ်မြောက်နယ်မြေရဲ့
လွမ်းမောဖွယ် တောအုပ်ကလေးတခုမှာ
မင်းဟာ
ငါ ပထမဆုံး ဖူးရတဲ့ အလင်းရောင်ပါ။

ကချင်မလေး
မင်း ကချင်စကား မတတ်တော့ဘူး။

ငါက
ချင်းစကား မတတ်တော့တဲ့ သူပါ။

ကချင်မလေး
ရန်ကုန်မှာ မွေးပြီး
ဘန်ကောက်မှာ ကြီးပြင်းလာတဲ့
မင်းဘဝမှာ
မေခ-မေလိခ မြစ်ဆုံကို
မင်း အိပ်မက် မမက်ဖူးတာ
ငါ ဝမ်းနည်းပါရဲ့။

ငါကတော့
ဟိုး ... ရှင်ဗွေယန်၊ နန်းယွန်း
ပန်ဆောင်
ဟူးကောင်း တောင်ကြားအထိ လွှမ်းပြီး
လီဒိုလမ်းမကြီးကို ထမ်းခဲ့ဖူးတဲ့ ကောင်ပါ။

စိတ်မဆိုးပါနဲ့
ကချင်မလေး။

မင်းမှာ
ကချင်နဲ့ တူတာဆိုလို့
နာမည်ပဲ ကျန်တော့တယ်။

ဒါတောင်
မင်းဟာ တော်လှန်ရေးနယ်မြေတွေကို
သွားတဲ့အခါ
ဂရေ့စ် ဖြစ်လိုက်
လဖွန်ဆိုင်းဂျာ ဖြစ်လိုက်။

ကချင်မလေး
ငါကတော့ မင်းကို
အပြစ်မတင်ပါဘူး။

မင်းဟာ
ငါတို့ရဲ့ တိုင်းရင်းသူပဲ။

ချူလာလောင်ကွမ် တက္ကသိုလ်က
မင်း ဘွဲ့ရခဲ့တယ်
ချူလာလောင်ကွမ် တက္ကသိုလ်ရဲ့
ရွှေရောင်နေ့ရက်တွေမှာ
မင်းဟာ
နတ်သမီးကလေးတပါး ဖြစ်ခဲ့မယ်။

ဘိဇနက်ပညာနဲ့ ဘွဲ့ရခဲ့တဲ့
မင်းဟာ
ငါနဲ့ တွေ့တော့
နိုင်ငံတကာက ဒုက္ခသည်တွေကို
ကယ်ဆယ်တဲ့ မေခလာတပါး ဖြစ်နေတယ်။

မင်းအတွက် ဂုဏ်ယူတယ်
ဘန်ကောက်သူ ကချင်မလေး။

မင်းကတော့
လရောင်နဲ့ လှတဲ့
ဘန်ကောက်ညတွေမှာ
စိတ်ချလက်ချ အိပ်စက်နိုင်တဲ့
ကချင်တိုင်းရင်းသူကလေးပေါ့။

ငါတို့ တိုင်းပြည်မှာတော့
မင်းလို တိုင်းရင်းသား လူငယ်တွေဟာ
ည ည
အိပ်လို့ မပျော်နိုင်ကြပါဘူး။

စစ်အစိုးရရဲ့ ထောက်လှမ်းရေးတွေ
အချိန်မရွေး ဝင်ရောက်စီးနင်း
အတင်းအဓမ္မ
ရိုက်နက်ဖမ်းဆီး
ခေါ်ဆောင်သွားမှာကို
အမြဲ စိုးရိမ်ပူပန်နေရတဲ့ ဘဝပေါ့။

ဘန်ကောက်မှာ အနှစ် နှစ်ဆယ်
ထောင်ကာ အကကို
မင်း မကတတ်တော့ဘူး။

ဘန်ကောက်မှာ အမြစ်တွယ်
မနောတိုင်တွေကို
မင်း မချစ်တတ်တော့ဘူး။

ခရစ်စမတ်မှာ
ဝတ်စရာ
မင်းမှာ ရိုးရာဝတ်စုံလည်း မရှိတော့ဘူး။

ဒါပေမယ့်
ငါ မင်းကို ချစ်ပါတယ်။

မင်းဟာ
ကချင်တိုင်းရင်းသူတယောက် ဖြစ်နေတဲ့ အတွက်ကိုပဲ
ငါ မြတ်နိုးပါတယ်။

အကယ်၍သာ
လွန်ခဲ့တဲ့ နှစ်တွေက
တိုက်ပွဲဝင်ရင်း ကျဆုံးသွားတဲ့
ကယန်း တော်လှန်ရေး ရဲဘော်မလေး
'အင်နာစတာရှား'တို့လို
စစ်မှန်တဲ့ ပြည်ထောင်စုကြီးအတွက်
အသက်ပေးသွားခဲ့တဲ့
တိုင်းရင်းသား လူငယ်ပေါင်းစုံရဲ့
ရုပ်ပုံလွှာတွေကိုသာ
မင်း သိခဲ့မယ်ဆိုရင်။

ဘန်ကောက်က မြန်မာသံရုံးရှေ့မှာ
မင်းကိုယ်တိုင်
ချူလာလောင်ကွမ် တက္ကသိုလ်က လူငယ်တွေနဲ့အတူ
'မြန်မာစစ်အစိုးရ'ကို
ဆန္ဒပြခဲ့တာထက်
မင်းပိုပြီး လေးနက်လာမှာ အမှန်ပါ။

ငါယုံကြည်ပါတယ်
မင်းကို မွေးဖွားပေးခဲ့တဲ့
တိုင်းပြည်ရဲ့ ကံကြမ္မာကို
မင်းစာနာ နားလည်လိမ့်မယ်လို့
ငါ မျှော်လင့်မိပါရဲ့။

မေခ-မေလိခ မြစ်ဆုံမှာ
မင်းရုပ်ပုံကို
ငါ ရေးထားမယ် ဆိုင်းဂျာ။

ဧရာဝတီမြစ်ကမ်းပါးပေါ်မှာ
မင်းအပြုံးကို
ငါ ထွင်းထားမယ် ဆိုင်းဂျာ။

မြစ်ဝကျွန်းပေါ်
ဘင်္ဂလားပင်လယ်အော်မှာ
မင်းနာမည်ကို အော်ခေါ်ရင်း
ငါ ဆက်ပြီး တိုက်ပွဲဝင်သွားမယ် ဆိုင်းဂျာ။

တို့ပြန်ဆုံကြမယ့်
နွေဦးသစ်ရဲ့
တနံနက်မှာ
မင်းဝတ်ဖို့
ဂျိန်းဖောဝတ်စုံလေး တစုံ
ငါ့ရင်ခုန်သံ
ငါ့ယုံကြည်ချက်
ငါ့လက်နဲ့ ပေးပါရစေ။

ဂရေ့စ်ရေ ...
လွမ်းတော့လေ။ ။

အောင်ဝေး
(၂၁-၁၀-၀၇)

# မဲဆောက် ကွန်မြူန်း



အောင်ဝေး

ကြောက်တတ်ရင်
မဲဆောက်ဟာ
ဖြဲခြောက်တယ်။

မကြောက်တတ်ရင်
မဲဆောက်မှာ
နောက်ထပ် ကွန်မြူန်းတခု
ပေါ်လာမယ်။

မဲဆောက် ... တဲ့
အမြဲသောက်ရင်
အသည်းခြောက်မယ်ဆိုတဲ့
ဆရာတင်မိုးကို လွမ်းတယ်။

မဲဆောက် ... တဲ့
အမြဲသောက်ပေမယ့်
ရဲရဲတောက်တဲ့
ပုန်ကန်နွယ်တွေကို လွမ်းတယ်။

မဲဆောက် ... ပေါ့
မဲဆောက်ဟာ
လွတ်မြောက်ခဲ့ပါတယ်။

မဲဆောက် … ပေ့ါ
မဲဆောက်ဟာ
လွမ်းလောက်ခဲ့ပါတယ်။

အို … မဲဆောက်ရဲ့
ခါးထောက်ပြီး မကြည့်ပါနဲ့။

နောက်ထပ် ကွန်မြူန်းတခုကို
ရဲရဲကြီး ကြိုစမ်းပါလော့။

ဒီမှာ
လွတ်မြောက်တဲ့ နှလုံးသားတွေက
လွတ်မြောက်တဲ့ တေးကိုပဲ
သီကြတယ်။

ဒီမှာ
အာဇာနည်တွေက
မသေမြစ်ကိုပဲ
ဆန်တက်နေကြတယ်။

ဟုတ်တယ်
မဲဆောက်ဟာ
ယူဂျင်းပေါ်တီယာရဲ့ မဲဆောက်။

ဟုတ်တယ်
မဲဆောက်ဟာ
ဟိုတုန်းက လီနင်နဲ့တွေ့ပြီး
အခု လင်ကွန်းနဲ့ တွေ့ချင်သူတွေရဲ့
မဲဆောက်။

ဟုတ်တယ်
မဲဆောက်ဟာ
ဒီမိုကရက်တစ် မဲဆောက်ပေ့ါ။

ဟုတ်တယ်
မဲဆောက်ဟာ

စစ်အာဏာရှင်စနစ်ကို
အမြစ်ပြတ် ချေမှုန်းပစ်မယ့်
မုန်တိုင်းသစ်တွေရဲ့ မဲဆောက်။

ဟုတ်တယ်
မဲဆောက်ဟာ
မြစ်ဇရာပေါ်မှာ
လွတ်လပ်ခြင်းကို စီးဆင်းစေမယ့်
မဲဆောက်။

ဟုတ်တယ်
မဲဆောက်ဟာ
ပေါင်းစည်းရင်း ကွဲလွဲခွင့်ရှိပြီး
ကွဲလွဲရင်း ပေါင်းစည်းနိုင်တဲ့ မဲဆောက်။

ဟုတ်တယ်
မဲဆောက်ဟာ
စစ်အစိုးရလက်အောက်မှာ
အနာဂတ် အိပ်မက်ကို
တောင်းယူလို့မရ
တိုက်ယူမှ ရမယ်လို့ ယုံကြည်သတဲ့။

ဟုတ်တယ်
မဲဆောက်ဆိုတာ
နအဖ စစ်သားလေးသိန်းကို
ရွှေ့ပြောင်းအလုပ်သမား နှစ်သန်းနဲ့
ဖို့သတ်လို့ရတဲ့ မဲဆောက်ပေါ့။

အို … မဲဆောက်ငဲ့
မကြောက်မရွံ့သာ
တောက်ပ လိုက်ပါတော့။

နောက်ထပ် ကွန်မြူန်းတခု
လူထုရင်ခုန်သံ
နိုင်ငံတကာ…။

အို ... မဲဆောက်
မှားယွင်းတဲ့ ခေါင်းဆောင်မှုကို
ပုန်ကန်ရန် အခွင့်အရေးရှိတယ်
မဲဆောက်။

မဲဆောက်
တော်လှန်ရေးရဲ့ အခြေခံပြဿနာဟာ
အာဏာပြဿနာ ဖြစ်တယ်
မဲဆောက်။

မဲဆောက်
ရန်သူဆန့်ကျင်ခံရခြင်းဟာ
ကိစ္စဆိုးမဟုတ်
ကိစ္စကောင်း ဖြစ်တယ် မဲဆောက်။

မဲဆောက်
တော်လှန်တဲ့ အတွေးအခေါ်တရပ် မရှိဘဲ
တော်လှန်တဲ့ အရေးတော်ပုံတရပ် မရှိနိုင်ဘူး
မဲဆောက်။

တော်လှန်တဲ့ တပ်ဦးတခုတော့
လိုသပေါ့ မဲဆောက်ရယ်။

နှောင်ကြိုးကလွဲလို့
ဆုံးရှုံးစရာ ဘာမှမရှိဘူး။

၉၀ ရွေးကောက်ပွဲ ရလဒ်ကလွဲလို့
ဘာမှ လက်ခံနိုင်စရာ မရှိဘူး။

အကုန်ရရင်ရ
မရရင် ဘာမှမလိုချင်ဘူး။

အို ... မဲဆောက်
အရေးအကြီးဆုံးက
လက်နက်မချရေး
ညီညွတ်ရေးပဲ မဲဆောက်။

ချစ်သူတွေ ရန်မဖြစ်ကြနဲ့
မဲဆောက်။

နောက်ဆုတ်ရန် ချန်ထားတဲ့
တံတားကို မီးရှို့ပစ်လိုက်
မဲဆောက်။

အတ္တဆိုလို့ `မခင်ဦး'ကို ချစ်မိတာ
တခုပဲ ရှိသတဲ့
မဲဆောက်။

အို ... မဲဆောက်
ဒေါ်အောင်ဆန်းစုကြည် အကြောင်း
တွေးရတာလောက်
ဘယ်ပင်လယ်မှ လှိုင်းမထန်ဘူး။

မင်းကိုနိုင်တို့ မျိုးဆက်လောက်
ဘယ်ကောင်းကင်မှ ကြယ်မစုံဘူး။

ကျော်ကိုကိုတို့ ခေတ်မှာ
လူဖြစ်ရကျိုးနပ်တဲ့
မဲဆောက်ပေါ့။

မဲဆောက်ဟာ
ဖဒိုမန်းရှာနဲ့လည်း ညစာစားခဲ့တယ်။

မဲဆောက်ဟာ
လင်းယုန်ငှက်တွေကိုလည်း
ဂုဏ်ပြုခဲ့တယ်။

အို ... မဲဆောက်ရဲ့
တချို့က တော်လှန်ရေးကို
တယောပေါ် တင်ကြတယ်။

တချို့က ပုံပေါ်တင်ကြသတဲ့
အချို့ကျတော့
ပုံနဲ့တယော ရောဖွဲ့ဂီတကို
နှစ်သက်သတဲ့။

အဲဒီလို မဲဆောက်ရဲ့
တော်လှန်ရေးမှာ အနုပညာပါရသတဲ့
ရေတွင်းလေးထဲ ငုံ့ပြီး
နင်းရေ ... လို့ အော်လိုက်
ခေတ်ကို ကဗျာနဲ့လည်း တိုက်လို့ရတယ်။

အို ... မဲဆောက်
ဒေါနတောင်ကြီးကို မှောက်လှန်ပစ်မယ့်
မဲဆောက်။

အို... မဲဆောက်
သောင်ရင်းမြစ်ကို ပြောင်းပြန်လှန်မယ့်
မဲဆောက်။

အို... မဲဆောက်
ကမ္ဘာပေါ်မှာ
ကျောင်းသားအစိုးရဆိုတာ
ဒီမှာပဲ ရှိလာမယ့် မဲဆောက်ပေါ့။

မဲဆောက်ရယ်
ခါးထောက်မကြည့်ပါနဲ့။

လမ်းလျှောက်သင်ခါစ
ကလေးတယောက်
ထမြောက်သွားသလိုမျိုး
တော်လှန်ရေးဆိုတာ
လဲလိုက် ထလိုက်တော့ ရှိမှာပေါ့။

မြွေမှန်ရင်
တွင်းဝင်ဖြောင့်မှာပဲ
အသည်းက ယုံကြည်ရင်
အဆုံးသတ်အောင်ပွဲကို မြင်ကြမယ်။

... ညဦးယံ၌ ငိုကြွေးခြင်းသည်
လာ၍ တည်းခို၏
နံနက်ယံ၌ကား
သီချင်းဆိုရသော အခွင့်ရှိ၏...

မဲဆောက်ရဲ့
အခုလက်ငင်းဆိုရမယ့် သီချင်းက
တနှစ်အတွင်း အနိုင်တိုက်ရေး
အာဏာသိမ်းပိုက်ရေးပေါ့။

အို ... ရဲဘော်အပေါင်းတို့ ...
ပြည်သူ့အကျိုး ဆောင်ကြ။
ပေဖြစ်ခံရဲရုံသာမက
တူဖြစ်အောင်လည်း လုပ်ကြ။

လူထုတိုက်ပွဲ အရှိန်မြှင့်ကြ။
ဘုံရန်သူကို ချေမှုန်းကြ။

အို... မဲဆောက်ငဲ့
နောက်မကျသေးပါဘူး။

အို... မဲဆောက်ငဲ့
ဆုံးခန်း မရောက်သေးပါဘူး။

အို...မဲဆောက်ငဲ့
ငှက်တေးကောက်ရင်
ရှင်ပြန်ထမြောက်ရမှာပေါ့။

ရန်-ငါ မပြတ်လို့
သံဃာအသတ်ခံရတာ
အို ... မဲဆောက်ရဲ့
ဒီတခါ
ရန်-ငါ ပြတ်မှ ဖြစ်မယ်။

အရေးအကြီးဆုံးက
လက်နက်မချရေး
ညီညွတ်ရေးပဲ။

မဲဆောက်
မဲဆောက်
မဲဆောက်
မဲဆောက်
အို ... မဲဆောက်

နောက်ဆုံးမှာ
ချစ်သူကို ပခုံးပေါ်တင်ပြီး
ရှင်လောင်းလှည့်သလို
ဗိုလ်ဝင်ခံပစ်မယ့် မဲဆောက်ရဲ့။

အစွမ်းကုန်သာ
ဖူးပွင့်လိုက်ပါတော့။

နောက်ထပ် ကွန်မြူနစ်တခု
လူထုရင်ခုန်သံ ...
နိုင်ငံတကာ ...။ ။

အောင်ဝေး
(၁၅၊ ၁၂၊ ၀၇)

# တိမ်လွှမ်းစိတ်



မဲဆောက်မြို့ ကောင်းကင်ယံမှာ
တိမ်တွေက လှလိုက်တာ။
ဘယ်တော့မှ ပြန်ရောက်မယ်မှန်း
မသိတဲ့
ကမ်းခြေက လှေကလေးပေါ်
ချစ်သူကို အော်ခေါ်နေမိတယ်။
ဒီမှာ ...
စက်တင်ဘာမိုးက
မတိတ်တော့ဘူး။ ။

အောင်ဝေး

စာအုပ်လင့်ပေါင်းစုံ

# TU FU 杜甫詩選

# Selected Poems





**From Compiler's preface**

During the time of Tu Fu, Tang feudal society underwent a great change. The turning point was the An-Shih Rebellion which lasted over seven years. The greatest period of the Tang Dynasty, known as Sheng Tang(properous Tang), never recovered. Economic conditions continually deteriorated. There were constant aggressive wars caused by intruders into the empire. Governor-generals became arrogant warlords defying central authority. The imperial court lost its hold over the land, but the oppressing classes maintained an ever tightening grip over the people, increasing their exactions year after year. Killing people became a small matter. All these changes combined to bring untold misery to the common folk.

A sufferer from poverty, Tu Fu had ample opportunities of contacting other poor people and knowing their misfortunes. He came to understand the contradictations in society and the dangers confronting the land. In his poems he graphically describes those days of insecurity, depicts the people's sufferings and voices their expectations. Because of this, his works have been called `history in verse´.

**Feng Chih (1962)**

# စစ်တလင်းမှရှုက်သံများ ကဗျာ၅ပုဒ်

## From Tu Fu Selected Poems (1962)

Compiled by Feng Chih & Translated by Rewi Alley into English

မနင်းပွင့် မြန်မာပြန်ဆိုသည် ။

## မာတိကာ

၁ ။ ထန်ကူးက စစ်ပြေးကြီး (Songs of a Refugee in Tungku)

၂ ။ စစ်ရထားမော်ကွန်းတေး (Ballad of The War Chariots)

၃ ။ စစ်မျက်နှာရဲ့ဟိုမှာဘက် ( Beyond the Frontier)

၄ ။ ဝန်မင်း ဝေချီသို့ (To Minister Wei Chi)

၅ ။ လသာည (Moonlight Night)



## SONGS OF A REFUGEE IN TUNGKU

## ထန်ကူးက စစ်ပြေးကြီး

(ခုနစ်ပုဒ်)

(၁)

ကျုပ်နာမည်လား..တုရျင်မေ တဲ့
နားသယ်အထက်နား..ဆံဖြူကွက်ကျားဖွာလန်ကြဲနဲ့..ဥစ္စာမဲ့လူအို
ဒီဒေသကိုခဏလာခိုဆဲ...ခဲမတတ်ခြေကိုတရွတ်ဆွဲလို့..ဆောင်းရက်မို့
အေးစက်ညှို့မှိုင်းတဲ့တောင်ကတုံးမတ်မတ်..တကုံးကုံးတက်လို့မနားနိုင်ပြန်
ကျန်ကောင်းကျန်ရာဝက်သစ်ချသီး..ကောက်သင်းကောက်ခရီးထွက်ကာ
မငြိမ်းနိုင်သေးတဲ့ဘဝဆီမီးအတွက်..ကျုပ်ဝမ်းကျုပ်ကျောင်းပြီးနေတယ်

အလယ်ပိုင်းဇာတိမြေဆီက..စစ်သတင်းနားစွင့်လို့..ပြန်ခွင့်မသာသေး
နီးမလိုလိုနဲ့ဝေးပြန်တဲ့...လွင်ပြင်နွေးနွေးကိုသာ..တမ်းတရင်းဆွေးရတယ်
ဒီလိုနဲ့ဆောင်းလယ်ရောက်..သွေးမလျှောက်တော့တဲ့..လက်တွေထုံကျင်ခဲ
အက်ကွဲတဲ့နှုတ်ခမ်းလွှာဆီက...စိတ်ဒဏ်ရာနဲ့ကာယိကဝေဒနာကိုသီကြွေး
စစ်ပြေးလူအို..ကျုပ်ဘဝရဲ့ငိုချင်းပထမအပုဒ်ကို...သီချင်းလုပ်လို့ဆိုတုန်း
ဝုန်းကနဲဆို..မြောက်လေပြင်း..တောင်စောင်းထိပ်က..အရှိန်နဲ့လိမ့်ဆင်းပြီး
ခါးသီးမှုဆားခဲတွေဆုပ်ကာ....ကျုပ်ရင်ထဲကအနာကို..ထပ်ခါတလဲပက်ကြဲတယ်...။

(၂)

အရိုးရှည်ရှည်နဲ့သစ်ဖြူသားလက်ကိုင်တပ်တဲ့တူရွင်း..အဲဒါကျုပ်ထမင်းရှင်ပေါ့
ဒီခေတ်ကြပ်ကြီးမတော့..သူနဲ့သာတူးကာဆွကာနဲ့ အားကိုးရာရရှာပေတယ်
သို့ပေမဲ့ကွယ်..ဆိုသာဆိုရ..တောင်ခါးပန်းနှင်းပြင်ထုအောက်ကာပိန်းဥသျှောက်
ချွေးပေါက်ပေါက်ကျအောင်ယက်တာတောင်..ခေါင်းမာမာနဲ့ထွက်မလာပေဘူး
မထူးလှမှန်းသိလဲ...ဝတ်ရုံပြဲတိုတိုကိုအကြိမ်ကြိမ်ဆွဲချ..နှင်းခဲတွေကတောင်လိုပုံ
မလုံ့တလုံခြေထောက်တွေ...ပုပ်ကြွေမလိုညိုမဲလာ...နောက်ဆုံးမှာတူရွင်းဆွဲလို့
လက်ဗလာပဲအိမ်ပြန်လာခဲ့ရတယ်...ဒီနေ့အဖို့စားစရာရှာလို့မရခဲ့ဘူးကွယ်တို့ရယ်
ပြောင်သလင်းခါနေတဲ့အခန်းကျဉ်းအလယ်မှာ..ဝမ်းဟာဟာနဲ့ငိုရှာတဲ့အိမ်သားတစု
ဒုတိယမို့ငိုချင်းကို..ကျုပ်ရင်ထဲကဆွဲထုတ်လို့အသက်သွင်း..ဆို့နင့်စွာဆိုညည်းမိချိန်
အိမ်နီးပါးချင်းများကိုပါကူးစက်...အငတ်ဘေးရဲ့လောကစံတေးကို..တူတူဆိုလို့ငိုမိကြတယ်....။

(၃)

တနယ်တကျေး..အဝေးကညီများလဲ..သရောကြီးခိုင်းတဲ့ထဲ မရှောင်နိုင်ပဲရှိရှာပေလိမ့်
ကြိတ်မှိတ်လို့ရှင်သန်..အငတ်ဒဏ်ကိုကြံ့ကြံ့ခံကာ..ဘယ်နှစ်ယောက်များကျန်ရှာမလဲ
ကွဲခဲ့တာကြာ..ကြာလွန်းလှပြီလေ..ဘဝဇာတ်ဆရာထားရာမှာနေ စေရာသွားရတဲ့အခါ
ညီတို့နေရာအလှမ်းကွာဝေးလိုက်ပုံများ...သွားရမဲ့လမ်းတွေက..မဆုံးအောင်ရှည်လျား

ရန်သူ့မြင်းသမားတွေကြောင့်..ဖုန်တွေမည်းပိတ်ကာဝေဝါးဝါးနဲ့မို့..ကမ္ဘာခြားသလိုထင်ရ
တသသနဲ့ကျုပ်မှာလေ..ကြိုးကြာနဲ့ငန်းရိုင်းတို့..နေရာပြောင်းဖို့..ဖြတ်ပျံကြတိုင်းမျှော်ငေး
ရပ်ဝေးတနေရာ..ညီတို့ရွာကို..ဝေဟင်ခရီးလေဟုန်စီးလို့..သင်တို့နဲ့ခရီးကြုံလိုက်စမ်းချင်လှ
တတိယတမ်းချင်း..လွမ်းရင်းနဲ့ဆို..အစ်ကို့ညီတွေတယောက်တကွဲ..နေရာအနှံ့ပြန့်ကြဲရှာလို့
ဘယ်ဆီများရောက်..အစ်ကိုဒီမှာသေပျောက်ခဲ့ရင်..အရိုးတောင်လာကောက်နိုင်ကြပ့ါမလားဟင်..။

(၄)

လင်သေရှာတဲ့ကျုပ်နှမအထွေး..သနားစရာအဖမဲ့ကလေးတပြုံတမနဲ့..ချွန်လီမှာနေကြတယ်
အရိပ်ကွယ်လေတဲ့နှမငယ်ဆီ.. ရည်ရွယ်ရင်းမရောက်ဖြစ်တာ..ဆယ်နှစ်သာတင်းတင်းပြည့်ရော
တဝေါဝေါစီးလို့နဂါးလိုခွေ..တို့တွေကိုခြားထားတဲ့မြစ်မင်း"ဟွေ"က ရှည်လွန်းလှလို့..အပြစ်မရှာ
အစ်ကိုသာလာချင်ရင် အနီးလေး..လှေကလေးရွက်ဖွင့်လို့ရောက်သင့်ပါရဲ့..လို့များဆိုနေရှာမလား
မြှားမိုးရွာကာ..ကြည့်လေရာစစ်တံခွန်လွှင့်တဲ့..ညည်းတို့တောင်ပိုင်းကို..အစ်ကိုမလာဝံ့ဘူးကွယ်
ခွင့်လွှတ်တော့..နှမရေ့..တို့တွေပြန်မှတွေ့ပါမလားတွေးရင်း...ငိုချင်းစတုတ္ထအပိုဒ်ကိုမျက်ရည်နဲ့ဆို
မင့်အစ်ကိုလူကြောက်ကြီးရဲ့အလွမ်းတေး..တောမျောက်တို့ပူဆွေးသံနဲ့ရောထွေးလို့ညံတယ်......။

(၅)

လေထန်တဲ့တောင်ကုန်းတွေပတ်လည်ဝိုင်းလို့..ချောင်းငယ်တို့တဝုန်းဝုန်းရေလျှံကြတဲ့ဒီအရပ်မှာ
ထစ်ချုန်းမိုးအေးစွေရွာတိုင်း...အရိုးပြိုင်းပြိုင်းနဲ့သစ်တောညို့မှိုင်းခမျာ...နုံးပျော့ကာတစက်စက်ကျ
တောင်အောက်ကချုံဝါများ...ရေးမြို့ဟောင်းကြားခဲခဲလူပ်လို့..တိမ်မည်းပုပ်တို့ကပြုံမယောင်ယောင်
နဝေတိမ်တောင်နဲ့..မြေခွေးအဝါကောင်ကခြေချုပ်မိသလိုရပ်ရာ..အဖြူကလေးသာခုန်လွှားလို့ပြေး
အတွေးဝင်မိ..အထီးကျန်ခြင်းအတိနဲ့ဒီတောင်ကြားမှာ.ဘာကြောင့်များကျုပ်ဘဝဇာတ်မြုပ်ဖို့ဖြစ်လာရ
ညများဆိုအိပ်ရာကထထိုင်..ဇောချွေးဖြိုင်ကာထောင့်တထောင့်မှာငိုင်ငေး..အတွေးများနဲ့စစ်ခင်းဆဲ
ကျုပ်လိပ်ပြာလဲလွင့်ရှာလို့ဟိုအဝေး..သူ့ခန္ဓာပြန်ခွင့်မသာသေးတဲ့...ရွာဟောင်းကအိမ်အိုကလေးဆီ
ရောက်လုပြီထင်ပ့ါ..ပဥ္စမငိုချင်းရှည်ဆိုရင်းလေနှုတ်ဆက်..ကျုပ်အတွက်နဲ့သူ့ကိုချုပ်မထားရက်နိုင်လို့
ပြန်မခေါ်စို့နဲ့ကွယ်..လှည့်လာမယ်မဟုတ်.ကျုပ်လိပ်ပြာကျုပ်သိပါရဲ့..မဲဇာကိုချန်ခဲ့ကာအိမ်ပြန်နှင့်ရှာပြီ။

(၆)

ကောင်းကင်ကိုထိမှီမတတ်..အပင်အိုမတ်မတ်များရဲ့..ငွေအကိုင်းအခက်တို့..လွှန်းတင်ယှက်ရာ
ဒက္ခိဏအရပ်တနေရာက..စိမ်းလဲ့ကြည်သာတဲ့ရေအိုင်ငယ်ဟာ..နဂါးတစ်ကောင်စံမြန်းရာနန်းပေ့ါ
ရာသီပြောင်းလို့ရွက်ဝါဟောင်းတွေ..တဖွဲဖွဲကြွေတဲ့ကြားထဲ..နဂါးကတော့မလှုပ်မယှက်သာနေမြဲ
အရှေ့အရပ်ထဲကအဆိပ်ပြင်းတဲ့မြွေဆိုးတသင်း..အတင့်ရဲစွာချဉ်းကပ်လို့လာ..ဘယ်လိုများပါလိမ့်
အံ့သြစိတ်နဲ့ဓါးလွတ်သာဆွဲထုတ်..ခုတ်ဖို့ရာမစွမ်းနိုင်ဆဲ..ဝေခွဲမရစွာနဲ့ကျုပ်ဆိုမိတဲ့ဆဌမတေးသံ
လေနွေးနွေးထဲလွင့်ပျံ့ကာကျန်နေဆဲ..တောင်ကြားနဲ့စမ်းချောင်းများထံ..နွေဦးတဖန်ပြန်လာခဲ့တယ်..။

(၇)

ဆိုတော့ကွယ်...သရောကြီးခိုင်းတဲ့သုံးနှစ်လုံးလုံး..တောပိုင်းမှာပုန်းခဲ့ရတဲ့..ကျုပ်လိုဒုက္ခသည်လူအို
စစ်ပြေးစာဆိုတစ်ယောက်မှာတော့..အရွယ်ကထောက်လို့လာ...ကျော်ကြားမှုနဲ့နေရာပျောက်ကွယ်ဆဲ
ရွှေမြို့တော်ထဲမှာမင်းပျိုမင်းလွင်တို့သာကြီးစိုး...ရာထူးဂုဏ်တွေတိုးကာ...ခနကြွယ်သထက်ကြွယ်လို့
ကျုပ်မိတ်ဆွေအပေါင်းပညာရှိဟောင်းတို့ခမျာ..ခိုရှာဆဲတောင်ရိပ်မှာ..အတိတ်ကရွှေထီးအကြောင်း
ပြန်ပြောင်းလို့တမ်းတစဉ်...ရင်ထဲကဒဏ်ရာအနာရွတ်တွေကြား...ချွတ်နင်းကာကျော်သွားကြတုန်း
သတ္တမသီချင်းအဆုံးကိုခပ်တိုးတိုးဆိုရင်း..ဆောလျင်စွာနေဝင်ခြင်းကိုသာ..ရင်နာနာနဲ့ငေးမိတယ်....။

**Tu Fu (A.D.712-770)**
**Tang Dynasty**



## BALLAD OF THE WAR CHARIOTS

## စစ်ရထားမော်ကွန်းတေး

စစ်မြင်းကဟီ..ချီလေတဲ့စစ်သည်များ

စစ်ရထားချူသံတခြွင်ခြွင်ကြား

မြားအိတ်နဲ့လေး..နံဘေးမှာတွဲလဲ

နည်းတဲ့ပရိသတ်ကြီးမဟုတ်ပါလားကွယ်..

မယားသည်..မိဘများ..သားသမီးလဲပါ

ချီလေတဲ့စစ်ကြောင်းမှာ..ငိုကာယိုကာ

ပြိုကာလဲလို့..ပြေးလိုက်ကြရာလမ်းတလျှောက်

ဖုတ်ထောင်းထောင်းထတဲ့နောက်.လမ်းတွေပိတ်သွား

တံတားမဟာရှန်ယန်တောင်မြင်ကွင်းကကွယ်

သွယ်ဖြာမျက်ရည်ယိုကာစီးတယ်

ပိုညည်းရင်းခြေဆောင့်..ဖြေမပျောက်ခင်
ရင်ထုမနာမျှော်လင့်ရာမဲ့တဲ့..ရေရှွတ်သံမှိန်မှိန်
တိမ်တွေဆီတောင်..ရောက်သွားသလို..။

အို.... နေပါဦး..ကိုစစ်သည်ငဲ့
ဘယ့်အတွက်များသွားရသလဲ..စစ်တလင်းကို
သဲသဲကွဲကွဲသိလိုသပဆို..မေးသာကြည့်ပေတော့
အမိန့်တော်ကြောင့်ပေါ့..လို့ရင်ဆို့ကွဲကြေ
ဖြေလိမ့်မယ်ရိုးရိုးလေး..တွေးတောင်မနေနဲ့ကွယ်..။
ဒီခေတ်မယ်..စစ်သည်ဖြစ်ကြောင်းအဝမ္ဘစုဆောင်းခံခဲ့ရ
ကျုပ်သဘောနဲ့ကျုပ်..မဟုတ်ရပါဘူး
ထူးထူးခြားခြား..ဆယ့်ငါးနှစ်သားများကိုတောင်
မြစ်ဝါဘက်ပို့..တိုက်ဖို့တဲ့..အရပ်ကတို့
နို့..လေးဆယ်ကျော်များလဲ..မလွတ်ပေါင်ဗျာ
နယ်ပယ်ချဲ့ထွင်ရာ..အနောက်ဘက်ရှေ့တန်း
အလိုမပါလှမ်းကြရရှာ..ချီကြလေပေါ့တခါ...။

ရွာမှာတော့လူကြီးတွေ..မျက်ရည်တဝေဝေနဲ့
ကလေးများကိုသျှောင်ထုံး..အသက်ဆုံးချင်လဲဆုံး..
သန်မြန်တုန်းရှေ့တန်းကို..ပို့ဆိုတာကိုး
ကံဆိုးသူမောင်ရှင်..မသေလို့ပြန်လာရင်တောင်..
သျှောင်တစ်ခုလုံးအဖြူရောင်ဖုံးဖုံး..လုံးလုံးကြီးမလဲသေးရင်
နင်လာခဲ့ဦးဆို...ရှေ့တန်းကိုပြန်လွှတ်ခံရနိုင်သေးတယ်..။

ရှေ့တန်းကသွေးပင်လယ်..ကျယ်သထက်သာကျယ်လာခဲ့
ဒါပေမဲ့ဘုန်းဘုရား..အားရတော်မမူသေးဘူးဆိုရင်
မြင်မြင်သမျှနယ်ပယ်..လက်အောက်ရောက်ရမဟဲ့ဆို
အို..စတေးရတာကတော့ငတို့ပေါ့ကွယ်...။

ဒါနဲ့ကြားပြီးပလား..

ဟွာရှန်နယ်တစ်ခုလုံး..ပေါင်းမြက်တွေဖုံးပြီး

လုံးလုံးကြီးဆူးကြမ်းလွှမ်း..လယ်တွေကန်းကုန်သတဲ့..။

အသန်တကာ့အသန်ဆုံး..လယ်သူတွေရုန်းတာတောင်

အရှုံးပေးရမတတ်..သီးထွက်ညံ့သတဲ့...။

တို့ဒေသကလုလင်များ..အားကိုးရပါသဘိနဲ့

သတ္တိအရာ..ဘာယှဉ်နိုင်မလဲ

ရဲလိုက်တဲ့သွေး..ခွေးခွေးကိုနှီလို့

သို့ပေမဲ့ အို့မခေါ်..ရွှေးမမောင်းလေနဲ့

အကြောင်းသိစေမကွဲ..နာတတ်တယ်...

ဝမ်းရေးသာတယ်မလွယ်..အသည်းတော့မငယ်ပေဘူး

ဆုပ်လဲစူး..စားလဲရှူးပြီမို့..သေပါစေ..နေလို့လဲသိပ်မထူး

ရှူးရှူးမိုက်မိုက်..ယောက်ျားသားတွေကိုစစ်နောက်လိုက်ခိုင်း

ထင်ရာစိုင်းပြီးမှ..အခွန်တော်အပြည့်ဆောင်ကြစေတဲ့

တဖွဲ့တရွဲ့တောင်ကြက်လိုယက်ရတဲ့ဘဝ..မျှမျှတတလဲလုပ်ဦး

ဘာနဲ့အခွန်ထမ်းကြရမတုံးလို့ ကျုံးသာဟာစ်လိုက်ချင်တော့...။

အခုတော့နားလည်လာသား..ခင်ဗျားလူရည်တတ်လား

မဟုတ်ရင်...သားဆိုတာဒီခေတ်ကြီးမှာအလကားဗျ

ချွေးမြေကျမှစားရတဲ့..ခင်ဗျားလိုကျုပ်လိုလယ်သမားအဖို့..

သမီးဆိုရင်တောင်..အိမ်နားကလယ်သမားနဲ့ထိမ်းမြားအပြီး

နီးနီးတော့နေရပေဦးမယ်..ဘဝဆည်းဆာခရီးအတွက်ထီးပေါ့ဗျာ

ဒါနဲ့စာလိုက်ရင်နာကြည်းစရာ..သားတို့ခမျာ

ဆန္ဒပါမပါတောင်မမေး..ခွေးလိုအတင်းမောင်းသွင်း

ရောက်ရာအရပ်မှာသေမင်းနဲ့တွေ့ကြရှာတယ်..

ကိုကိုနိုကန်နံ့ဘေးမယ်..အရိုးတွေကိုဖွေးဖွေးလှူပ်လို့
အုပ်လိုက်သေပွဲဝင်..ကန်စပ်လွင်ပြင်ထဲ
သည်းလာတဲ့မိုးသံတဖြောက်ဖြောက်အလယ်
ရောက်နှင့်သူတို့..ဝိညာဉ်သစ်တွေနဲ့ဆုံစည်းသံ
တီးတိုးညံ့ရာမဲဇာအရပ်မှာ..ခင်ဗျားသားရဲ့အရိုးဖြူတွေလာနားလို့
သွားလေသူတို့..အရိုးပုံနဲ့ပေါင်းဆုံလိမ့်မယ်...။

**Tu Fu (A.D. 712-770 )**
**Tang Dynasty**



## BEYOND THE FRONTIER

## စစ်မျက်နှာရဲ့ဟိုမှာဖက်

(ကိုးပုဒ်)

(၁)

မြောက်ဘက်စစ်မျက်နှာကို ချီစဉ်
ရင်တခုလုံးခါးသက်လို့ ..နာကျင်
အာခံရင်...သေလမ်းသာရှိတာမို့
ကိုယ့်အိမ်နဲ့ဝေးရာကို လွင့်ရ..

စိတ်ထဲကတော့..တွေးမဆုံး
ဘုန်းတော်ကြီးဘုရား..ဘာကြောင့်များ
အားကြိုးမာန်တက်..နယ်ပယ်အရပ်ရပ်ကိုချဲ့ထွင်ချင်ရသလဲ
စံပျော်ရာနိုင်ငံတော်ကိုက..ကျယ်လွင့်လှပြီမဟုတ်လားကွယ်...။

အခုတော့ငါ့မှာ..ချစ်သူများထံပါးကဆွဲခေါ် ခံခဲ့ရ
ကျလုဆဲမျက်ရည်တွေကိုမျိုသိပ်..အံတင်းတင်းကြိတ်
လုံ့ထိပ်ခြင်းထိခတ်..ချီတက်ဖို့အတင်းစေတာခံခဲ့ရတဲ့နောက်..
ရောက်ခဲ့ရ...မြောက်ဘက်ကစစ်မျက်နှာဆီ.....။

(၂)

အိမ်ကနေဆွဲထုတ်ခံခဲ့ရတာလဲကြာ
ငါလဲကုတ်ချောင်းချောင်းစစ်သားငယ်မဟုတ်တော့..
လျှော့ကနဲကုန်းနီးပြုတ်ကျ..မြင်းပေါ် ကထိုးဆင်း
ဇက်ကြိုးဆုပ်ရင်း..သေမင်းနဲ့တွေ့မှာ
ဒါမှမဟုတ် ချောက်ထဲခုန်ဆင်း..ရန်သူ့အလံသုတ်ရင်း
ချက်ခြင်းသေဆုံး..အချိန်မရွေးဘဝရှုံးနိုင်တာလဲနားလည်ခဲ့..။
ဒါပေမဲ့ကွယ်...နွယ်လိုရစ်ဖွဲ့..အိမ်ရဲ့သံယောဇဉ်
ရင်မှာကျန်ရစ်..အသစ်ဖြစ်တယ်..။

(၃)

တသွင်သွင်စီးနေတဲ့စမ်းနံဘေး..ဓါးထိုင်သွေး
နွေးကနဲစပ်..ရှပ်..ဆိုလက်ထဲဟက်တက်ကွဲ
ရေတွေအနီရောင်ရဲ..အသဲထဲကခါးသက်
ပေါင်းစပ်လို့နာကျင်..သွေးစီမ်းရှင်ရှင်ကိုထွက်လို့..
အသွားထက်ထက်နဲ့ထိုးခွဲမိတာလေ..။

သေမထူးနေမထူး..တပ်ဦးကလူတွေမဟုတ်သလိုလို့ဆိုကြမယ်
ရယ်စရာကွာ..ဒီအနာလောက်ကတော့လို့ပြောကြမယ်တယ်...
တိုက်ပါဟ..ချလကွာ..ဒါမှငါ့ကောင်
အောင်ပွဲရအောင်..ကြံဆောင်မှပေါ့ကွယ်

ဟယ်....ပြောရင်းဆိုရင်း.. သေသူရုပ်ကြွင်းအရိုးရင်းတွေ

စစ်တလင်းမှာဖွေးဖွေးလှုပ်လို့..ဖုတ်ဖြစ်နေ.....။

(၄)

ဟဲ့..မောင်မင်း...မှုထမ်းစုဆောင်းအတင်းမောင်းလို့

စစ်သည်ရှာရာ...ငါခေါင်းဆောင်ကွဲ

ဝေးလံရှေ့တန်း..စစ်စခန်းကိုနင်ထွက်ရမတဲ့

အံကိုခဲလို့ကျဲရတော့တယ်..ချီပြန်လေပေါ့တစ်ခေါက်

ကြောက်ခွင့်မှမရှိ..သိသိကြီးနဲ့သေစခန်းကိုလှမ်းရတယ်

ကွယ်..မျက်မှောင်တွန့်ချိုး..အညိုးနဲ့နိုပ်စက်ဖို့လဲမလိုတော့

မျှော့မျှော့ပဲကျန်ပေမဲ့...သွားဆိုလဲသွားရုံပလေ..

သေချင်သေ..နေရလဲငါ့ကံပေါ့ကွယ်..။

နယ်တူလူများ..သားချင်းအူတုံဆုံဖြစ်လျှင်တော့

ရှောဟဲ့..ဆို..စာလွှာလေးသာအိမ်သားများကိုပါးခွင့်ရရင်

ဘဝင်လိုက်ဆူပူမီးဒုက္ခ..ဝေမျှယူခွင့်မသင့်မကြုံ..

သောကဘုံထဲပစ်ခွဲခဲ့ရ...မချိလှကြောင်းသိစမ်းစေချင်တယ်...။

(၅)

ခရီးမိုင်ထောင်ချီကိုမျှော်ရီငေး..အဝေးတနေရာဆီ

ချီလာသူတို့ပေါင်းစည်းဖို့ရာ..ရှေ့တန်းစစ်မျက်နှာ

လာကူဖို့..တစ်ချို့အတွက်ပိုခက်လိမ့်မယ်..

လွယ်ကူတာလဲရှိနိုင်ပါရဲ့..

အစုံပေါ့..ဗိုလ်ဖြစ်တာနဲ့အကုန်တော့ဘယ်သိနိုင်ပါ့မလဲ

အဲ..ဒါနဲ့တစ်ခါသား..မြစ်တစ်ခုအနားမှာ

ရာချီတဲ့တပ်စု..တောင်ပေါ် သားထုကြီးကိုမထင်မှတ်ပဲ

ဖြတ်ကနဲတွေ့ခိုက်..လိုက်ခနဲဆိုရင်ထဲ

မရဲတရဲသတိရမိတယ်..

ဘယ်တုံးကမှတိုင်းပြည်အတွက်..ဆပ်မယ်သက်ပေး

မတွေးခဲ့ဖူးပါလားကွယ်...။

(၆)

လေးတစ်စင်း..ရွေးချင်းရွေးရင်

တင်းနေမှကြိုက်ကြတာကလား

မြားကျပြန်တော့..ရှည်သွယ်သွယ်မှ

မြင်မြင်သမျှပစ်ခွင်း..သေသူမြင်းတွေသိမ်းဖို့ရာတဲ့..။

လာစမ်း..သုံ့ပန်းဆိုခေါင်ကစဖမ်း

သေလမ်းကိုတော့မပို့နဲ့ဦးကွဲ့

ငဲ့စရာစည်းကမ်း..နည်းလမ်းအထွေထွေ

မြေတိုင်းမှာရှိတယ်..သတ်ဟယ်ဖြတ်ဟယ်နဲ့

ထင်တိုင်းရမ်းလို့မဖြစ်...စီစစ်ရွေးဖယ်လို့သာခေါ်ခဲ့ကြပေရော့

အောင်ပန်းဆွတ်ဖို့တနေ့တော့..အသုံးဝင်လိမ့်မယ်

လွယ်လွယ်နဲ့အသက်တစ်ချောင်း

မဖျောက်ကောင်းပေဘူး..။

(၇)

နှင်းထုကလဲထူ..မြူတွေကလဲဖုံး

ကြိတ်လိုက်ဦး..ဖေ့သားရယ်

မြင်းလှငယ်ကိုအားပေး..အေးလွန်းလို့ဆတ်ဆတ်တုန်

မှုန်ပြပြစခန်းလျှိုချိုင့်ဝှမ်းနဲ့..ဒီတောင်တန်းကိုဖြတ်ဦးစို့ကွယ်

ခရီးတော့မနီးပေမဲ့..နဲ့တဲ့တဲ့တပ်စုကိုလမ်းပြဦးဆောင်

တောင်ကြောကိုလျှောဆင်းကြမယ်
နယ်နယ်တော့မဟုတ်..ကုတ်ကုတ်တွယ်ဆင်းနေတုံးဆို
လှုပ်တောင်မလှုပ်နဲ့..ယဲ့ယဲ့သာကျန်ပေမဲ့
မြပစေကွဲ..ထုံကျင်လက်ချောင်းများ
ကျောက်ကမ္ဘားကိုဆုပ်သာထားပေတော့..။

မော့ကြည့်ရတာလဲဇက်တွေနာ..အိမ်ကခွာခဲ့တာလဲကြာပြီ
ဒီတံတိုင်းကိုဝိုင်းဖို့..ဒီနံရံကိုမံဖို့..ဒီစည်းကိုဆီးဖို့...
ပြီးခါနီးပလားကွယ်..ဘယ်ခါသာမသိပေမဲ့
အိမ်ပြန်ခွင့်ရှိရင်ပြန်ချင်တယ်
နေကွယ်တဲ့ညနေတိုင်း..တိမ်ရိုင်းတို့တောင်ဘက်ဆီ
ရွက်ဖွင့်သွားနင့်ပြီဆို..ခိုတွယ်လှမ်းကိုင်
မြမြထိုင်လို့..ခရီးကြုံလိုက်စမ်းချင်လှတယ်...။

(၈)

ဝိုင်းပေ့..ဝိုင်းဟ..အားပါးတရကြွေးကြော်ကြရင်း
ခါးတဝင်းဝင်းနဲ့..တောင်ပေါ်သားတပ်ချီလာ
ငါတို့ခံစစ်ကိုခြေမှုန်း.ပြုတ်ပြုတ်ကိုပြုန်းမတတ်
အရပ်ရှစ်မျက်နှာ..ကြည့်လေရာအဖက်ဖက်
မျက်စိတစ်ဆုံး..အလိပ်လိပ်နဲ့ဖုံတွေလုံးနေ...။
လေထုတောင်ဒဏ်ရာနာကျင်မှုတွေနဲ့..သိပ်သည်းလို့
သို့ပေမဲ့..ငါတို့တပ်များ..အားကြီးပါဘိတယ်
လွယ်လွယ်ကူကူနဲ့..တိုက်ထုတ်

သူတို့ဗိုလ်ချုပ်များကိုတောင်ရလိုက်သေးတယ်
အဲ..ဒီထဲကတစ်ယောက်ကိုတော့..သံ့ပန်းအဖြစ်
လည်မှာနောင်ကြိုးရစ်လို့..ဖမ်းခေါ်ခဲ့တယ်

ခံတပ်ကမဟာတံခါးတွေရဲ့..နောက်ကွယ်ကိုပေါ့..။

ဆိုတော့..ငတို့ဘဝ..တသသနဲ့

အောင်ပွဲအကြောင်းထပ်လောင်းလို့

ဇတ်ပေါင်းစရာမကျန်..အမှန်ပြောရရင်

တင်လာတဲ့တာဝန်..ကျေပြွန်ဖို့ကြိုးပမ်း

တခမ်းတနားလဲမဟုတ်..ရိုးကုတ်ကုတ်စစ်သည်ပါပဲ

လည်ကုတ်မှာခါးဝဲတော့လဲ...အားတင်းလို့ရဲရတော့တယ်...

သူ့ဆန်စားခဲ့မှကိုးကွယ်...။

(၉)

ဒီလိုနဲ့စစ်သားဖြစ်ခဲ့တာ..ဆယ်စုနှစ်တခုအကြာ

ဒါမှမဟုတ်..နောက်နှစ်ပေါင်းများစွာမှာ

ငါရမယ်ထင်ရတဲ့..ဂုဏ်...ဒါမှမဟုတ်..ဘွဲ့ထူး

ဦးစွာအတွေးထဲဝင်ဆင်ခြင်လို့..အများနဲ့စာတဲ့အခါ

ငတေမာသမားမဖြစ်အောင်တားဆီးတယ်..။

အလယ်ပိုင်းလွင်ပြင်မှာတော့..စစ်မီးပွားဆဲ

ရှေ့တန်းမှာလဲ..တောင်ပေါ်သားတွေနဲ့တိုက်မြဲ

နွဲနေတုန်းတပ်စုတိုင်းရဲ့တိုက်ပွဲကြား..ဘယ်စဉ်းစားအားပါ့မလဲကွယ်

နေပျော်ဖွယ်ဘဝနဲ့..ရာထူးရာခံအကြောင်းတွေ..

မသေဖို့တောင်..အကြိတ်အနယ်ရုန်းကန်ရတဲ့ဘဝကြား

ခါးသီးမှုထဲကလွတ်လမ်း..ဘယ်ဆီဘယ်စခန်းမျှော်မှန်းတမ်းသာတမိတယ်.........။

**Tu Fu ( A.D. 712-770 )**

**Tang Dynasty**



## TO MINISTER WEI CHI

## ဝန်မင်းဝေချီ သို့

လုလင်ရွယ်ဖြိုး..မြင့်အမျိုးတို့

ပိုးဝတ်အစုံဆင်ကာသ…ကြုံခဲဒုက္ခ..ဒီဘဝ..တဲ့

ခုတော့နော်..မွဲဆေးဖော်ငတ်ဘိခြင်း..ပညာရှိအဆင်းကွဲ…။

နားထောင်ပါဦး..ဝန်မင်းငဲ့

ကျုပ်အကြောင်းစုံလင်..ကရုဏာထိပ်ထား

ကျေးဇူးလဲများပါရဲ့..။

နမျစ်ပျိုလွင်ငယ်စဥ်တုံးက..ချန်ဂန်းနယ်တခွင်

ရေးပြန်ဖတ်ပြန်..ခြယ်မှုန်းပြန်နဲ့

ကျုပ်ကလောင်..ပြောင်လှပါသတဲ့

ဖွဲ့ကဗျာစီမဆုံး…သီကုန်းပန်းသွင်

ယှဉ်ချင်ယှဉ်မလား..ထိပ်ဆုံးမှာပျော်..
ဟိတ်အကျော်အမော်..လူဖော်ကဝိတွေက
အဖော်အလှော်လုပ်ပါရစေကွဲ..ဆိုလာခဲ့...။

ဒါနဲ့ပေါ့လေ..ဒီလောက်ဟုန်းဟုန်းတောက်နေမှတော့
ဘုန်းဘုရားအောက်မှ..အခစားမဝင်ရင်
စင်တော်ကဘယ်ကောက်ပါ့မလဲ..ထင်ပေါ်မှဖြစ်မှာကိုး..။
တိုင်းကျိုးပြည်ကျိုး..သယ်ကာပိုးဖို့
စိုးဟယ်မိုးဟယ်..တာဝန်လွှယ်ဖို့
ဖယ်ဟယ်သန့်ဟယ်..အသရေဆယ်ဖို့
ကျုပ်လာခဲ့တယ်..ထင်တစ်လုံး..နဲ့..။

ဒီလိုနဲ့ကာလတွေနှောင်း..အမြင်ပြောင်းလာ
ကျုပ်သီချင်းကောင်းတွေကလဲ..လောကနဲ့အမြင်တိမ်းစောင်းအောင်
ဇိန်းဖောင်းတီးတတ်သကိုး...
ရေကြည်လာနိုးနဲ့ကျုပ်မှာ..မြည်းတစ်စီးနဲ့နယ်ပြောင်းတာကိုက
တစ်ဆယ့်သုံးနှစ်ကြာညောင်းသဗျား..။
အခုတော့နေပြည်တော်မှာ..နွေဦးပေါ့..
မနက်ဆိုကြေးရတတ်တွေအိမ်ရှေ့
ယို့ယို့လေးရပ်တယ်..။
ညနေညိုရင်..ဖုတ်ထောင်းထောင်းထအောင်
ကဆုန်ပေါက်နေတဲ့မြင်းထွားကြီးတွေကြား
လမ်းသလားတယ်..။
ခါးသီးနာကြည်းတာတွေကိုမျိုသိပ်လဲ
သူကြွယ်တို့ရဲ့စားတော်ပွဲကျ
စားနတ်စားပေါက်အေးခဲခဲတွေက
ရင်ကိုထိုးခွဲတယ်..။

တစ်ခါများမတော့...ရွှေနန်းကသဝဏ်လွှာရောက်
ပေါက်ပေါက်မြောက်မြောက်ရှိသူတွေ
ဘုန်းတော်အောက်ဝင်စေတဲ့
ကျုပ်လဲရောက်မဲ့ရောက်မှတော့ ထိပ်ပဲပဲလို့
စိတ်ထဲထည့်မိသေးရဲ့..။

ခုတော့လဲကျုပ်ဘဝ..မလှမပနဲ့
ပျံလမ်းပျောက်တဲ့ငှက်မျိုး
မိုးနတ်ကလက်မခံ..မာန်လျှော့ရပြန်
ကန့်ထဲသွား.. အားလျော့ခဲ့ပြန်..
မဟာန်တော့တဲ့ရေနည်းငါးပေမို့
မြူးသွက်ချင်ပေမဲ့..ကူးခတ်တာကိုတောင်မေ့လျော့ခဲ့ပြီ..။
အလီလီနဲ့..ဝန်မင်းရဲ့စေတနာ..ဂရုဏာတွေအတွက်
ဆပ်မကုန်ပါဘူး..ကျေးဇူးကြီးလှပါရဲ့.
မတန်မထိုက်ပေမဲ့...ကံလိုက်တယ်ဆိုရမလား
အများနဲ့ကြုံ...လူစုံတိုင်း
ကျုပ်လိုင်နဲမျက်နှာမွဲရဲ့..အလင်္ကာစာကဗျာတွေကို
ကိုးကားပြောဆိုသတဲ့လေ.....ကိုင်း...။

ဒါနဲ့..ဝန်မင်းနဲ့ထိုက်စွာ
အရိုက်အရာအသစ်ချီးမြှင့်ခံရသဆို
အို..မုဒိတာလဲပွားမိပါရဲ့..။
တဖက်မှာတော့..လုံးလုံးကြီးအကြပ်ရိုက်
ပျက်စီးခြင်းကပ်ဆိုက်နေတဲ့
ကျုပ်ကိုယ်ကျုပ်..စက်ဆုပ်မိတယ်..။

ဝေဒနာနှိပ်စက်..ခြေကမျက်နဲ့
စိတ်အားလျော့လာ...
ထွက်တော်မူနန်းကခွာတော့မယ်..။
အရှေ့ကိုဦးတည်..ပင်လယ်ဆီကျူပ်သွားမယ်
ကမ်းစပ်မှာတစ်ခန်းရပ်မယ်..။
ရွှေမြို့တော်ကိုကျောခိုင်း..တောပိုင်းမှာအခြေချ
ဒက္ခိဏတောင်တန်းလှတွေနဲ့ဝေမြစ်ကြည်ကြည်
ရည်မျှော်တမ်းတလွမ်းရတော့မယ်....။

ဆိုတော့ဝန်မင်းရေ
ပကာသနကင်း..ရိုးရှင်းတဲ့အစာဆိုတာ
တစ်သက်မှာ..တစ်ခါသာတစ်ဆုပ်ကြွေပေမဲ့
ချို့ငဲ့သူအတွက်..အကြွင်နာတစ်လှည်းပါပဲ..။
ဝန်မင်းကျေးဇူးကြီးလှပါရဲ့
သို့ပေမဲ့..အတောင်ဖြန့်မိပြီမို့
လှောင်ချိုင့်ထဲ..တန့်ချည့်နေမဖြစ်တော့ဘူး
လေရှူးနဲ့အတူကျူပ်ပြေးတော့မယ်
ဝေးသထက်ဝေးရာဆီ........။

**Tu Fu ( A.D.712-770 )**
**Tang Dynasty**



## Moonlight Night

## လသာည

အဲဒီညမှာပေါ့...

ဖူချောင်တနေရာ..ဖြူဖျော့ဖျော့သာနေတဲ့လရောင်အောက်

မိန်းမငယ်တစ်ယောက်မှေးမှိုကာငေးရီလို့နေရှာ

ငြိမ်ဆိတ်စွာကလေးတို့အိပ်မောကျလို့..သူတို့ဖေဖေကိုအတွေးထဲမှာတောင်ရှာမတွေ့

မွှေ့ပျော်ရာအိပ်မက်ထဲလည်းပေါ်မလာ...ဖေဖေချန်ဂန်မှာတဲ့
ဆောင်းဦးညဥ့်ရဲ့နှင်းမှုံလဲ့ကြား..သူမဆံပင်နက်ကြောင်များ..စွတ်စိုထိုင်းလို့
အကြောပြိုင်းပြိုင်းလက်မောင်းသွယ်ဖျော့တို့လဲ..အေးစက်ကျင်ခဲရှာရော့မယ်
ဘယ်တော့...အို..ဘယ်တော့များမှသာ...ဒီပြတင်းဝမှာ..မောင်မယ်စုံတူယှဉ်နွဲ့လို့
မျက်ရည်စို့..ရင်ဆို့မလာဘဲ...လရောင်ကိုကြည့်ခွင့်ရနိုင်ပါ့မလဲကွယ်...။

**Tu Fu ( A.D.712-770 )**
**Tang Dynasty**

# ဝ

# ဗ

# ဒ

# ဥ

# သ

# “ ဂ ထ က လ သ ”

## မာတိကာ


| စဉ် ကလောင် | ကဗျာ | စာမျက်နှာ |
|---|---|---|
| ၁ ။ နေနင်းစက် | ရာဇဝတ်သား ( Convict ) | ၅ |
| ၂ ။ မြနိုး | ဖက်ဖူးရောင်အိပ်မက် | ၆ |
| ၃ ။ အကယ်ဒမီ | မညီရခြင်း | ၉ |
| ၄ ။ လင်းပွင့်လက်များ | မနက် လေး နာရီ မတိုင်မီ | ၁၁ |
| ၅ ။ ညီစိမ်း | တစ်ကိုယ်ရည်စာ မျက်လှည့်အလွဲ | ၁၂ |
| ၆ ။ သရဲစိမ်း | ဒုက္ခ၏ အဓိပ္ပာယ်ကို ခံစားခြင်း | ၁၄ |
| ၇ ။ ဘုန်းသန့်ခန့် | ကျွန်တော် မကျွတ်လွတ်သောကြောင့် | ၁၅ |
| ၈ ။ ကြယ်ပန်းလူ | မျက်လှည့်ဆရာနှင့် လူပြက် | ၁၈ |
| ၉ ။ ခြိုး | အဆိပ်ပင် | ၂၀ |
| ၁၀ ။ ဇာတိ | အသည်းကွဲဇာတ်ညွှန်း | ၂၁ |
| ၁၁ ။ နေကျယ်ဂန်း | ခြံစည်းရိုး | ၂၂ |
| ၁၂ ။ ငချူလိုင် | ပြိုပျက်သွားတဲ့ ဆည်းဆာ | ၂၆ |
| ၁၃ ။ အနော်မာ | စပ်ဖျင်းဖျင်းအဓိပ္ပာယ်များ | ၂၇ |
| ၁၄ ။ လူကြီးမင်း | ချစ်သော Donald ( ၂ ) | ၃၃ |
| ၁၅ ။ မောင်မိုးချို | သောက်ဆေး ထိုးဆေး မှားသွားတဲ့ လူ | ၃၄ |
| ၁၆ ။ ကျေးတော်မျိုး | အထင်ကရမဟုတ်တဲ့ ကိုယ်ပိုင်စီးမျောခြင်း | ၃၆ |
| ၁၇ ။ ဆူးခက်မင်း | ကဗျာဆရာမဟုတ်သူရေးသည့် မဟုတ်တမ်းတရား ကဗျာ | ၃၉ |
| ၁၈ ။ ပိုးဥ | ခါးပြဇာတ် | ၄၁ |
| ၁၉ ။ အမည်မဲ့ | ပုဖွန်ဆီရောင်နွေဒိုင်ယာရီညများ ၏ နိဂင်ဘာဘုရင်မသို့တမ်းချင်း | ၄၄ |
| ၂၀ ။ သုဏော်စိုင်း | စိမ်းတဲ့ကဗျာ | ၄၇ |
| ၂၁ ။ နေ့သစ် | မေဦးဖတ်ဖို့ - ၁ | ၄၉ |
| ၂၂ ။ ပီတိ ( စိတ်ပညာ ) | ရုပ်ရှင် ၊ လောက | ၅၁ |
| ၂၃ ။ ရုပ်သေး | ညအနီ | ၅၅ |
| ၂၄ ။ လင်းပွင့်လက်များ | ကျေးရူးတင်လွှာ | ၅၆ |


လင်းပွင့်လက်များ

## ဖွဲ့ဆိုသူတို့ ပြောစကား

အရင်ဆုံး ပြောချင်တာကတော့ ကျွန်တော်တို့ လင်းပွင့်လက်များ အဖွဲ့လေးဆိုတာ အွန်လိုင်းပေါ်က ဂါသနာတူ လူငယ်တစ်စု ပေါင်းစုပြီး ဖွဲ့စည်းထားတဲ့ အဖွဲ့လေး ဖြစ်ပါတယ် ။ ယခု ကျွန်တော်တို့ လင်းပွင့်လက်များ၏ ပထမဦးဆုံးခြေလှမ်း အတွက် အားယူမှုအနေနဲ့ " ဂ ထ က လ သ " အမည်ရှိ e-book လေးကို အားလုံး တတ်စွမ်းသလောက်ကြိုးစား၍ ရင်ခုန်ဖန်တီးခဲ့ကြပါတယ် ။

" ဂ ထ က လ သ "

မြန်မာဗျည်းအက္ခရာ ( ၃၃ ) လုံး၏ အခြေခံ စာလုံးများအဖြစ် အနက်အဓိပ္ပာယ် ယူထားခြင်း ဖြစ်ပြီး ကျွန်တော်တို့ အဖွဲ့လေးရဲ့ စုပေါင်းအားထုတ်မှုလေးအဖြစ် ကြိုးစားခဲ့ကြတာ ဖြစ်ပါတယ် ။ ဒီ e-book လေးကိုဖန်တီးတဲ့ နေရာမှာ ကျွန်တော်တို့ထင်မှတ်မထားတဲ့ အခက်အခဲတချို့နဲ့ ရင်ဆိုင်ခဲ့ရပါတယ် ။ ဒါပေမယ့် ပထမဆုံးကြိုးစားမှုအနေနဲ့ အတတ်နိုင်ဆုံး အားထုတ်ထားခဲ့ ကြတာလေးဖြစ်လို့ ရည်ရွယ်ချက်လေးတစ်ခုနှင့် ယုံကြည်မှု ၊ ဖန်တီးမှု ၊ ကြိုးစားမှု ၊ နားလည်မှု ၊ ရင်းနှီးမှု တို့ ပေါင်းစပ်ထားတဲ့ e-book လေးဖြစ်တာနှင့် အညီ ပရိသတ်အတွက် အမှတ်အသားလေးတစ်ခု ၊ လင်းပွင့်လက်များအတွက် အားထုတ်မှုလေးတစ်ခုမှသည် ..... ..... ......

စခဲ့ပါသည် ။
စနိုင်ခဲ့ပါသည် ။

ခြေလှမ်းတစ်ခုအတွက် ပထမဆုံးအားယူမှုပါ ။
လင်းပွင့်လက်များဆိုတဲ့ လူငယ်တစ်စုပါ ။
အခက်အခဲလေးတွေ ရှိပေမယ့် အခုတော့
စခဲ့ပါပြီ ။
စနိုင်ခဲ့ပါပြီ ။

လင်းပွင့်လက်များ

## Convict

Dirty hands and Confuse coat
See the Stream
But can Not WALK .....

*N.H.Satt*

## ရာဇဝတ်သား

ညစ်ပေနောက်ကျိ လက် နဲ့ အင်္ကျီ
ရေကြည်ကို မြင်လျက်
..... ရပ် .....

နေနှင်းစက်

# ဖက်ဖူးရောင်အိပ်မက်

ဘယ်ဘက်အကိုင်းက လမင်းပျို့
စံပါယ်တွေညှိုတဲ့ထိ ဂစ်တာအို
လာမထိုးပါနဲ့လား

ကဗျာတွေ ကိုယ်တိုင်က
အလွမ်းပုံကို ထတီးတော့
ရင်ဘတ်က အော်ပြီးပြောတယ်

" မင်းကာရမယ်တဲ့ "

မူးလိုက်တာဟာ ! ! !
အဲဒီနေ့က လူနဲ့ဂီညည်လဲမပူး
ညနေရှူးကို နေမင်းက အော်ခေါ်တယ်
"ဂါးမျိုရတာ၊ ကြာတယ်တဲ့"

တောင်ခါးပါးရဲ့တွေ တက်တက်
ချောက်နက်နက်တွေ ဆင်းဆင်း

ဒါနင့်ကို . . . . .
ဒါနင့်ကို . . . . .

ငါ့အသက်(၂၄)နှစ်
နင့်ကိုစက်ကုန်ဖွင့်
ချစ်ခြင်းကလွဲရင်
(ငါ)
ဘား - မှ - မ - တတ် - ခဲ့

## ရင်ပြိုမြို့သူအဖြစ်နဲ့ငါ

ကြေကွဲချင်းကို သွန်ချ
အဲ့ဒီကျောက်ခင်းလမ်းတွေမှာ
တစ်ကိုယ်စာ
ပေ - တော - လေ - ခဲ့

ခမ်မိုန်မိုန်၁၀ ပြားစေ့လေးပါ
ကွမ်းတစ်ရာ ရေတစ်မှုတ်လောက်ပင်မယ့်
အသက်ငင်နေတဲ့ ငါ့အတွက်
တူ...တူ...တူ...

ငါမှတ်မိတဲ့ အာရုဏ်ဦး
ပန်းချီဆရာ လက်တစ်ရာက
သမိုင်းဦးနှုတ်ခမ်းဖူးကို
ထုဆစ်နေရဲ့

နယ်လွန်စွာသိမ်းပိုက်ခံရတဲ့
အလံဖြူနဲ့ ရင်ကို
နီမြန်းစွာနဲ့ဆီလောင်း

အားသစ်လောင်းပေးတဲ့
တစ်ကိုယ်စာ မီးအိမ်လေးရေ .....
အောက်ဆီဂျင်တွေပေးတာ ရပ်ပါ

မြေမှုန့်ရောင် သမ်းတဲ့
သစ်ခုံအိုကပြောတယ်

ငွေရည်ဖွဲစိုတဲ့ ထိုသူနှစ်ဦးဆီက
တစ်ခုခု စုပ်ယူလော့တဲ့

ငါ့အရိပ်ကမဲနက်တယ် ဟာ
အရှုံးသမားဆိုတာ
မြင့်မြတ်တဲ့ နှလုံးသား
ပိုရှိရတယ်.....

ပြိုးပြန္တတ်ဆက်လွင့်စင်ပေါက်ကွဲ
....ငါ....
အလံဖြူတစ်လက်နဲ့
အရှုံးသမားမှာလဲ
မြင့်မြတ်တဲ့ နှလုံးသား

မရှိဘူးလား..?

ဒါဆို
မှောင်ခြင်းတရားမှာနေတဲ့
တောင်ဂန်ရိုးစွန်းသားတွေအတွက်
.....ငါထွက်ရပ်မယ်....
ကောင်မလေး

ငါ့အရိပ်က မဲနက်တော့
ကောင်းကင်ရဲ့ သက်မှတ်ချက်နဲ့
...လွဲခဲ့ပြီပေါ့...

မြူနိုး

# မညီရခြင်း

ရိုးရိုးသားသားဆာလောင်ချိန်တွေ
အိပ်ကပ်ထဲကောက်ထထည့်ရင်း
စောစောကမှဲ့ပြုံးကို မိတ်ကပ်အမြန်ဖို့လိုက်တယ်
ဘယ်လိုလဲ ငါ့ရေမွှေးနံ့က၂၀၀ပဲပေးရတာ
(၇)နာရီးထိုးတိုင်း>တိုင်းစရာမရှိတဲ့အတွေးတွေနဲ့
A4တစ်မျက်နှာပေါ် တဆာဆာအော်ရင်း
စကားလုံးတွေ။အဓိပ္ပါယ်တွေ။မညီမျှခြင်းတွေ။မတူရခြင်းတွေ
အန်ချပစ်လိုက်မိ<ရေဆေးချသူက(ငါ)ပေါ့
ပါကျင့်ကျင့်မီးလုံးကိုရေနဲ့ရေကိုအရောင်ပြောင်းပြီး
တသားထဲကျတဲ့ အထိ မညှာမတာညှတ်ပျောင်းချလိုက်တယ်
အင်း...........ဥပမာခိုင်းနှိုင်းရရင်
အနှိုင်းခံပုဂ္ဂိုလ်ကအမာစားမို့ ဦးထုပ်တစ်လုံး ပြီးစလွယ်ဆောင်းထားသလိုပေါ့
စောင်းထားတဲ့ ဦးထုပ်တစ်လုံးအတိုင်း အမြင်တွေရောယောင်စောင်းရင်းနဲ့
အိပ်မက်တစ်စင်းဖောက်ထိုးလိုက်ပြုတ်ကျတယ်

မသိတတ်တာဆိုပါတော့ တော့တာပြသွားတာပါ မသိလိုက်ဘူး
ငါ့ကိုယ်ငါနှိုးကြားကြည့်တော့ ထွက်လက်စ ရထားက
အမြီးတန်းနန်းနဲ့ ဥပေက္ခာပြုသွားလေရဲ့
သိလား............တမင်တကာသတ်ထားတဲ့ညတွေမှာ
ထ၊ထ သတ်ရတဲ့ ခြင်တွေဆို မှန်း.....မှန်းလွန်လွန်းလို့
မှင်နီနဲ့ ကူးထားတဲ့ စရိုက်ကြမ်းကြမ်းကို/တစ်ခါတစ်ခါ ခိုးခိုးကြည့်ရတယ်

က...ကြီး ခ...ခွေး ပြန်ပြန်ဆိုရင်း ပျံရင်းစိုသွားတဲ့ မိုးခိုငှက်တစ်စုံ
အားတော့ကျမိပါရဲ့ .................လေ
ကုတ်ဖတ်တတ်ရတဲ့ ခြေလှမ်းတွေတိုင်းတာကြည့် ခါမှ
တန်တလျားတော့ ပိုချင်ပိုမယ် အမေရယ်လို့ လှလှလေးမညာချင်ပါဘူး

ကိုယ့်ဘာသာအထုပ်အပိုးမတတ်ခဲ့တော့
ပြေတဲ့နေရာကပြေ/မပြေတဲ့နေရာကပြေလို့
ကိုယ်ကြည့်လိုက်မိလိုက်တိုင်း လျော့တီလျော့ရဲလုပ်ပြ......လိုလုပ်ပြ
ဒီ.......ရက်စွဲတွေနဲ့တော့ ခက်နေပါပြီ
ငယ်ငယ်တုန်းက
ဆရာမရဲ့ စားပွဲတင်ကမ္ဘာလုံးကြီးကို ခဲတံနဲ့ထိုးမိလိုက်လို့(မရည်မရွယ်ပဲ)
ဒီနေ့အိုဇုန်းလွှာကြီးပေါက်သွားတာဖြစ်မယ်
ဒါပေမယ့်
ထရိန်နင်ဆင်းခါနီး စဉ်းစားမိတာက
ဘာလဲ! ဘာလဲ! ဘာလဲ! (မိတ်ဆွေ)

ငါ
စိတ္တဇအခွံတွေ ချွတ်ခြုံချကြည့်ရင်း
မိုးခြိမ်းထားတဲ့ မျက်ရည်တွေ
ဆံခြည်တစ်မျှင်နဲ့
အနှုတ်ဆိုတာတွေကို ချခင်းနင်းမိရက်သား
ငါ့စရိုက်နဲ့ငါ အာပတ်သင့်နေပြီထင်ပါတယ်
ငါရည်ရွယ်ထားတဲ့ မျက်ဂန်းကို နံရံမှာတွဲလွဲချိတ်ရင်း/ခပ်ရမ်းရမ်းလွှဲလိုက်မိ
ငါစိတ်ကူးကြည့်လိုက်တိုင်း တခုတ်တာရတွေမှ မြူဂေ/ဂေသွားတယ်
ငါမျှော်လင့်မိလိုက်တိုင်း အမှတ်တမဲ့တွေမှ ရေများများစိုတယ်
ငါရင်မောမိလိုက်တိုင်း ဖြတ်/ညှပ်/ကပ်တွေ မြင်မကောင်းအောင်ပေပွ
ခခယယပဲတောင်းဆိုပါရစေ(မိတ်ဆွေ)

ပေ့ာ......ဟိုမှာ ရထားဆိုက်ပြီ
ထည့်လို့မရတာတွေ လွှတ်ချခဲ့ပြီး
မှတ်လို့ရတာတွေပဲ ခေါင်းထဲပိတ်ခဲ့ပါ
ရထားပေါ်မှာ~ ~နွေးတယ်~ ~ ~

အကာယ်ဒမီ

က...ကြီး ခ...ခွေး ပြန်ပြန်ဆိုရင်း ပျံ့ရင်းစိုသွားတဲ့ မိုးခိုငှက်တစ်စုံ
အားတော့ကျမိပါရဲ့ ..................လေ
ည....... ညတွေ ထဲ ယမ်းယောင် ဟစ်အော်မိတာက ..... ......
ဒါနင့်ကို . . . . . ဒါနင့်ကို . . . . .
ဟာ ..... ..... ..... ငါတော့ ရှုံး ပြီ ။
ကြယ်တွေကြွေလာစမ်း ။
အက်ဖေါ် ဘာရိုတ်လဲ..........မလိုပါဘူး။
ကျွန်တော် မစ်ရှိတ်တစ်ခွက်သောက်ရင်း သေဆုံးသွားတုန်းက ဖြစ်သည်။
ကျောပိုးအိတ် ကောက်လွယ် ။ သေချာတာပေါ့ ။
` ဟာပ်ချလောင်း ... ငါ .... ကဗျာဆရာ မဟုတ်ဘူး ... `
အခန်းဆက်ကို တစ်ခန်းရပ်သလို ပုဒ်မ နှစ်ချောင်းချလို့ ။
" လက်နှစ်ဖက်ပေါ်မှာ ကမ္ဘာကိုတစ်ခြမ်းစီတင်ထားလို့ ရတယ် " တဲ့
" မလိုချင်ဘူး " . . . . . ဒီလိုဘဂ ငါ နှစ်ကိုယ်ခွဲပြီး အော်ဆဲ
သံ ပေ ဂ အ တု နဲ့ မီး တောင် တစ် ခု လုံး ကို မြို ချ လိုက် တယ် ။
သွားစမ်းပါ .. ဒီနေ့ညကမင်းဖြစ်နေတယ်။
ဂ တခြမ်း ပ တခြမ်း င တခြမ်း ၁ တခြမ်း
ကောင်းကင်ပွင့်ပြီလား.....မနေ့ကနေသာတယ်..။
သနပ်ခါးလိမ်းတတ်တဲ့ ဉရောပဆန်သူလေ၊
"ငါ နင့်ကို ချစ်တယ်" "မျက်ရည် အစစ်ပဲ သုံးမယ်နော်"
ချစ်သူက ဆူပုပ်ပုပ်နဲ့ ခေါင်းကုတ်တယ် ။ရှင်းဦးတဲ့ ။
(၁၀) ဘယ်သွားရမှန်းမသိတဲ့ လိပ်စာလေး
(၂၀) စာတိုက်ပုံးလေး ပြုံလဲအသွား
ငါးတွေကိုအတောင်တပ် လက်နှစ်ဖက်နဲ့ ပျံသန်းခိုင်းလိုက်တယ်
ကျုပ် သိတဲ့ အသိ မသိဘူးလို့ .... ကျုပ်ငြင်းတယ် .... ။
လက် နဲ့ အကျီ
..... ရပ် .....
အင်း . . . . ပို့သူမပါခဲ့တဲ့ ငါ့ရှာပန အခုတင် ပြီးတယ် ။

# တစ်ကိုယ်ရည်စာ မျက်လှည့်အလွဲ

ဒီည .... မိုးတွေ ရွာမှ ဖြစ်မယ် ။
ကျေးဇူးပြုပြီး ပါးစပ်များကို ခေတ္တခဏ ရပ်တန့်ထားပေးကြပါ ။
မတ်တပ်မရပ်ကြပါနဲ့ ။
ဟုတ်ပြီ ။
ကောင်းကင်က တဖြည်းဖြည်းမှောင်လာမယ် ။
တိမ်တွေကို ဘယ်သူအနက်ရောင် သွားဆိုးပေးမလဲ ။
ကားလိပ်ကို ဖွင့်လိုက်တော့ ။
ဟိုနား ဒီနားမှာ အလင်းတန်းတွေ ။
ခဏနေရင် မိုးခြိမ်းသံ ကြားရတော့မယ် ။
ဘယ်လောက်ကျယ်နိုင်မှာလဲ ။
မဆန့်မပြဲ စကားလုံးတွေကို မျိုချပေးထားကြပါ ။
တစ်ယောက်ကို ချိုချဉ်တစ်လုံးနဲ့ ရေခဲရေတစ်ခွက် ။
မိုးတွေ ရွာပြီ ။
အလွမ်းခန်းလည်း ရောက်ပြီ ။
ခေါင်းမခါကြပါနဲ့ ။
မျက်လုံးတွေ မှိတ်ထားပေးကြပါ ။
ငိုလို့ မဂဒသေးဘူး ။
မိုးတွေကလည်း သည်းကြီးမည်းကြီး ရွာတယ် ။
ပြုတ်ကျသွားတဲ့ မျက်ရည်စက
ပြန်လိုက်ကောက်တာတောင် ထွက်ထွက်ပြေးတယ် ။
မီးတွေ အကုန်လုံး ပိတ်လိုက်တော့ ။
အလင်းတန်းတစ်ခုကို မြင်နေရပြီ ။
လေတိုးသံတွေ ကြားနေရတယ် ။
ငိုလို့ မဂဒသေးဘူး ။

အသက်ကို ပုံမှန်ရှူကြပါ ။
မျက်တောင် မခတ်ကြပါနဲ့ ။
အခုက အလွမ်းခန်း ။
မဟုတ်ဘူး ။
ဒါ မိုး မဟုတ်ဘူး ။
အခုရွာနေတာ မိုး မဟုတ်ဘူး ။
မိုးအတုတွေ ..... မိုး အ တု တွေ ရွာ နေ တာ ။
ဟာ ..... ..... .....
..... ..... ..... ငါတော့ ရှုံး ပြီ ။
ငိုလို့ မဂေသးဘူး ။
ကားလိပ်ကို ဖြည်းချလိုက်တော့ ။
ကောင်းကင်ကို ဘယ်သူ ပြန်ချုပ်ပေးမလဲ ။
ညက မိုးအတုတွေ ရွာသွားတယ် ။
အခုထက်ထိကို ငိုလို့မဂေသးဘူး ။
ထိုင်ခုံမှာပဲ ထိုင်နေကြပါ ။
လက်ခုပ်မတီးကြပါနဲ့ ။
အခုထက်ထိကို အလွမ်းခန်းက မဆုံးနိုင်သေးဘူး။

ညီ စိ မ်း

# ဒုက္ခ၏ အဓိပ္ပာယ်ကို ခံစားခြင်း

ငါ လူ့လောကထဲရောက်
တန်ကြေး အသက် တစ်ချောင်း
ငါ လူအစစ် မဖြစ်ခဲ့ . . . . . . . . . ။

ပုံမှန်အချိန် ရောက်တိုင်း
" . . . . . . ငါနေလို့မရဘူး . . . . . "
ခါး/လုံ/တုတ် လက်နက်တွေနဲ့ ဂန်းရုံကြ . . . . . .
ငါ့ကို ချုပ်နှောင်ထားကြပါ . . . . . .

အထီးကျန် ဘဝ
နတ္ထိ မိတ်ဆွေ
ငါ . . . . . . တစ်ခြမ်းပြတ် သုညာ . . . .။

" မလိုချင်ဘူး " . . . . . ဒီလိုဘဝ
ငါ နှစ်ကိုယ်ခွဲပြီး အော်ဆဲ
ငါက မကောင်းဆိုးဝါး / မိစ္ဆာ / လူတပိုင်း သတ္တဝါရှိုင်း
ဒီဘဝဆိုးက လွတ်ချင်ပြီ . . . . .

ငါ့လက်သဲတွေ နာကျင် ထိုးထွက်
အသွင်ပြောင်း . . . . . ငါ ( ခန္ဓာ )
ထိန်းကွပ်မှုကင်းမဲ့ . . . . . ငါ ( စိတ်ရိုင်း )
အသွေးအသားတွေ လိုအပ်နေပြီ . . . . . ။

ခေါင်းမော့ပြီး . . . . . အော်
အော်သံတွေ များ . . . . .
ရင်ဘက်က . . . . . နာကျင်မှု
နာကျင်မှု များ . . . . .
ဒေါသမီး . . . . . ဟုန်းဟုန်းထ
ဒေါသတွေ များ . . . . .
မဟုတ်ဘူး . . . . . အဲ့ဒါ
" . . . . . . . . . . ကျေးဇူး . . . . တွေ . . . . . . . . . . "

သရဲစိမ်း

# ကျွန်တော် မကျွတ်လွတ်သောကြောင့်

အနက်ရောင်ဖုန်မှုန့်များ၊ ဖွာကာနဲလွင့်နေသော
တိမ်ဖြူ မွမွများ၊ ပန်းစည်းများ၊
အိပ်စက်နေခြင်းလား၊ ရှိုက်သံတချို့ ရှာနေတယ်။
မိုးလေဂဃသမမှန်လို့လေလား။
ဖြစ်နိုင်ရင် မျက်မှန်တပ်မလာပါနဲ့ ။ ဖိတ်စာယူမလာပါနဲ့ ။
မိတ်ကပ်မလိမ်းချင်ပါ။
ရေမချိုးချင်ပါ။ စိတ်ကိုသာ သန့်ရှင်းပေးပါ။
တံခါး၊ တံခါး၊ တံခါးတစ်ချပ်များ ...............။
ဖွင့်ချည်၊ ပိတ်ချည်၊ နစ်ချည်၊ ပေါ်ချည်။
သီကုံးဖူးသော စကားလုံးများလည်း လင်းလိုက်၊
မြုပ်လိုက်..........................
လောကဆီသို့ ပြန်သွားကြပါ။
ငါ့ကိုလည်း ကိုယ်စားမပြုပါနဲ့ ။
ဘယ်သူ့ကိုမှ ကိုယ်စားမပြုပါနဲ့ ။
လောကဆီသို့ ပြန်သွားကြပါ။
>>"အနုပညာ အလွန်ထွေပြားနက်နဲပါသည်။
လူတိုင်းထံသို့ မရောက်နိုင်ပါ။
လူတိုင်းလူတိုင်း နားမည်နိုင်ပါ။
လူတိုင်းနားမလည်ခြင်းကို အပြစ်တစ်ခုဟု ယူဆ၍ မရပါ။"
သီသလို ကုံးထားရသော စာပန်းကုံးလေးများ၊ ခံစားသလို ဖွဲ့ ထားသော
စာပိုဒ်လေးများမို့
ငါသိသော အမှန်ကို၊ သီကုံးပေးသော ငါ့လက်ကိုပင် ကိုယ်စားမပြုစေချင်ပါ။
ငါသည် အတ္တရှိသော လူသားတစ်ဦးသာ။
ထို့ကြောင့် ငါ့ကို ကိုယ်စားမပြုပါနဲ့ ။
ဘယ်သူ့ကိုမှ ကိုယ်စားမပြုခြင်းဖြင့် အရာတိုင်းကို တည်မြဲပါစေ။

သင်တို့ကို ငါ သီကုံးခဲ့ခြင်းသည်.........................
၁။ စာပတီးအသိုက်ဆောက်သလို၊
၂။ ခြအုံဖွဲ့သလို၊
၃။ ဒေါင်းမပျိုအတွက် ဒေါင်းဖိုကသလို.................
ဇီဇအသိကြောင့်မဟုတ်။ ရောင်းချရန်မဟုတ်ပါ။
ငါနေသော လောကဆီသို့ ...........
ငါတတ်သလောက်ပြန်၍ ပေးပို့ခြင်း။
ငါစွမ်းသလောက်သော အလင်းနှင့်
အနုပညာ ကို မီးမောင်းထိုးပြခြင်းသာဖြစ်၏။
ထို့ကြောင့် အရာအားလုံးဆီပြန်သွားကြပါစေ။
ငါနှင့်အတူ ငါ့နောက်သို့ မလိုက်ခဲ့ပါနဲ့ ။
အနုပညာဟာ အရာအားလုံးမှာရှိတယ်။
အနုပညာသမားကသာ မြင်နိုင်တယ်။
အရာအားလုံးဆီပြန်သွားကြပါ။
ခေတ်တွေ၊ သက္ကရာဇ်တွေ၊ နာရီတွေမှ လွန်မြောက်ပါစေ။
အမှောင်ကို ခွင်းပါ။ အလင်းကို ထွန်းပါ။
ငါသေဆုံးသွားပါမည်။
ငါရှင်သန်လာပါမည်။
အနုပညာခေတ်တွင် ရှင်ပြန်လာပါမည်။
တာရာမင်းဝေ ရှင်သန်နေပါသည်။
ဇော်ဂျီ ရှင်သန်နေပါသည်။
............. ရှင်သန်နေပါသည်။
နှလုံးသားများ၊ အသိဉာဏ်များ၊ ခံစားမှုများ၊
အားလုံးကို ပွင့်ပွင့်လင်းလင်းဖွင့်၍ ကြည့်ကြစမ်းပါ။
အနုပညာဟာ.........စာပေအနုပညာဟာ
ဟိုးမှာ............ဟိုးမှာ..........
အားလုံးက လွန်မြောက်စွာရှိနေတယ်။
ခေါင်းစဉ်တွေချတ်ချ၊ ပါဒတွေချတ်ချ
မြင်အောင်ကြည့်ကြစမ်းပါဗျာ။

အနုပညာဟာ စစ်တလင်းမဟုတ်ဘူး။
အနုပညာဟာ ဟစ်တိုင်မဟုတ်ဘူး။
အနုပညာဟာ လက်ဖက်ရည်ဆိုင်မဟုတ်ဘူး။
အနုပညာဟာ အတင်းပြောစရာပိုင်းမဟုတ်ဘူး။
အနုပညာဟာ လက်ကိုင်တုတ်မဟုတ်ဘူး။
အနုပညာဟာ...............
        အနုပညာဟာ...........
                အနုပညာဟာ............။
အက်ဖေါ် ဘာရှိတ်လဲ..........မလိုပါဘူး။
ကျွန်တော် မစ်ရှိတ်တစ်ခွက်သောက်ရင်း သေဆုံးသွားတုန်းက ဖြစ်သည်။

ဘုန်းသန့်ခန့်

## မျက် လှည့် ဆ ရာ နဲ့ လူ ပြက်

သူ့လက်နဲ့ ထိရင် မီးထတောက်တဲ့ မျက်လှည့်ဆရာ
သူ့မော်ဂင်သေတ္တာလေးနဲ့ စင်ပေါ်မှာ ရှုတည်တည်ရပ်နေတယ်
ကုတ်အကျႌ ရှည်ရှည်မည်းမည်းကြီးထဲ လက်နှစ်ဖက်နှိုက်လို့
အာမေဋိတ်သံတွေကို ဆာလောင်နေပုံမျိုး
အရူးတွေကို အရိုးထိရူးအောင်လုပ်မဲ့ပုံမျိုး

အပတ်အစား ကြောင်ကြောင်ကြားကြားနဲ့ လူပြက်
အရေခွံထူတဲ့ သတ္တဝါတစ်ကောင်လို
တစ်လောကလုံးကို ရယ်သွမ်းသွေးပစ်မဲ့ ပုံမျိုး
စင်ထောင့်ကရပ်ကြည့်လို့

မျက်လှည့်ဆရာလက်ထဲမှာ
စက္ကူတစ်ရွက်ဟာ ပန်းတစ်ပွင့်ဖြစ်သွားနိုင်တယ်
ကြယ်တွေ အမိုင်လိုက် ကြွေကျလာနိုင်တယ်
ကြိုးတစ်ချောင်းဟာ မြွေတစ်ကောင်ဖြစ်သွားနိုင်တယ်
သူ့သေတ္တာထဲဝင်ပြီး ကိုယ်ရောင်ဖျောက်ပြနိုင်တယ်
မျက်လှည့်ဆရာက ပြောတယ်
သူ့" လက်နှစ်ဖက်ပေါ်မှာ
ကမ္ဘာကိုတစ်ခြမ်းစီတင်ထားလို့ ရတယ် " တဲ့

အရေထူ လူပြက်
လက်လက် ပပ ပြုံးတယ်
မှော်ဝင် ပဥ္စလက်
မှော်ဝင်သေတ္တာ ၊ မှော်ဝင်လက်
ယုတ်စွအဆုံး မျက်လှည့်ဆရာကိုယ်တိုင်
လူပြက်တစ်ယောက်အတွက်တော့
ပြောင်မြောက်တဲ့ " ပြက်လုံး " တွေပါပဲ

*ကြယ် ပန်း လူ*

အဆိပ်ပင်

လေတွေတိုက်ကိုဆောက်နေကြတဲ့မနက်မှာ
ရေတွေ ငှက်လို ကူးခတ်နေတဲ့ ညနဲ့
ဆက်တိုက်ခုတ်မောင်းနေတဲ့ ကျောက်တိုင်တွေကို
ငါ
လက်နှစ်ဖက်နဲ့ ပျံသန်းနိုင်းလိုက်တယ်.....................
မနေ့ကတွေ့ခဲ့တဲ့ မနက်ဖြန်တွေကို တော့
ချိတ်ပိတ်ထားတဲ့ ဟင်းလင်းပြင်ထဲမှာကြိုးချည်ထားခဲ့...............
ပွက်ပွက်ဆူနေတဲ့ သဲထဲမှာ ဝတ်မှုန်တွေကို အဆိပ်ရေလောင်း...........
ခရမ်းရောင်တွေကို အနက်သုတ်
မဟုတ်တာတွေ အရုပ်လုပ်
ငါးတွေကိုအတောင်တပ်

ငါ............................

ဘာကိုမှ.........................

မသိတော့။

ဖြိုး

## အသည်းကွဲဇာတ်ညွှန်း

(၁) လတစ်လကို အသည်းအသန်ရှာဖွေနေသော ပြက္ခဒိန်

(၂) ဖိနပ်အပြတ်လေး ရှက်အားငယ်သွားတဲ့ လမ်း

(၃) အရောင်တွေဖွာနေတဲ့ ထီးလေးတစ်ချောင်းရဲ့ ဆောင်းရာသီ

(၄) ကိုယ့်ကိုကိုယ် ရပ်စောင့်နေတဲ့ ကားမှတ်တိုင်

(၅) မီးပြန်မလင်းလာတော့မယ့် ပြတင်းပေါက်လေး

(၆) မိုးလင်းအောင် ပေးလိုက်ရတဲ့ တစ်ဝက်တစ်ပဲ့ည

(၇) တံခါးပိတ်ရန် စက္ကန့်ပိုင်းအလို

(၈) နံရိုးတစ်ချောင်းမှ မရှိတဲ့ ဗလာစာရွက်

(၉) နောက်တစ်မျက်နှာက လူတွေမပါရတဲ့ ဇာတ်ဝင်ခန်း

(၁၀) ဘယ်သွားရမှန်းမသိတဲ့ လိပ်စာလေး

(၁၁) မကြာခင် ငြိမ်းသွားမယ့် မီးအိမ်လေးမျက်နှာအလှဲ

(၁၂) အဆိပ်ရှိတဲ့ ပန်းသီးတစ်ခြမ်းက ကိုယ့်ဘက်ရောက်နေ

(၁၃) ........................................စကားလုံးမရှိတဲ့ ပါးစပ်ပေါက်တစ်ခု

(၁၄) လေပြေတွေစုဆောင်းမိသွားတဲ့ မုန်တိုင်းဆန်ဆန် ရယ်သံ

(၁၅) ဘာသံမှထွက်လို့မရလိုက်တဲ့ သီချင်းတစ်ပုဒ်

(၁၆) မိန်းမတစ်ယောက်ပေးတဲ့ အိမ်ပြန်ချိန်ကို ခေါင်းငုံ့လက်ခံလိုက်ရ

(၁၇) အလင်းတစ်ခုကွဲသွားတဲ့ အသံ

(၁၈) ပန်းပွင့်တွေနဲ့ သစ်ရွက်တို့ တဖျန်းဖျန်းကြွေ

(၁၉) ရှုဝံကြယ် မသိလိုက်တဲ့ သံလိုက်အိမ်မြှောင်လေးရဲ့ ရှာပန

(၂၀) စာတိုက်ပုံးလေး ပြိုလဲအသွား

(၂၁) ဘယ်ကိုလွင့်စင်ရမှန်းမသိဘူး

(၀) အလွှမ်းနှာ ...........။ ။

-- ဇာတိ

## ခြံစည်းရိုး

ဟိုးရှေးရှေး ညနေခင်းလေး တစ်ခုမှာ
ကျွန်တော် ၊ ကျွန်တော့်ချစ်သူကို ကလေးကစားကွင်းလေး တစ်ခုမှာ
ခြေသည်းနက် ဆိုးပေးရင်း ပုံပြင်တစ်ပုဒ် ပြောပြခဲ့ဖူးတယ် ။
ဘယ်လိုမျိုးလဲ ဆိုတော့ ဒီလို ။

ထုံးစံအတိုင်း ဟိုးရှေးရှေးတုန်းကပေါ့ဗျာ ။
ထုံးစံအတိုင်း တောကြီးတစ်တောဘေးမှာ ထုံးစံအတိုင်း ရွာလေးတစ်ရွာရှိတယ် ။
အဲဒီရွာမှာ
လူတကာက ပညာရှိလို့ သတ်မှတ်ထားကြတဲ့ အဖိုးအိုတစ်ယောက်နေထိုင်တယ်
အဲဒီရွာမှာရှိတဲ့ ရွာသူရွာသားတွေက အဲဒီပညာရှိရဲ့
အဆုံးအမ ဩဝါဒတွေကို နာယူပြီး လိမ္မာယဉ်ကျေးစွာ နေထိုင်ကြလို့
ရွာလေးက အပူအပင်ကင်းမဲ့ပြီး အေးချမ်းသာယာနေတယ် ။
ရွာထဲက ကာလသား ကလေးငယ်တွေကလည်း
"ပဏ္ဍိတာနဉ္စ အသေဝနာ" ပညာရှိကို မှီဝဲရာ၏ ဆိုတဲ့
အဖိုးအိုရဲ့အဆုံးအမ အတိုင်း အားလပ်တဲ့အချိန်တိုင်းမှာ
အဖိုးအိုဆီ သွားပြီး အဆုံးအမတွေ နာခံကြတယ် ။
အဲဒီလိုနဲ့ တစ်နေ့လည်း ရောက်ရော နန်းတော်က ဓားပြတစ်စုက
စစ်သည်ရဲမက်တွေရဲ့ အဖမ်းအဆီးက ရှောင်တိမ်းရင်း အဲဒီရွာလေးအနီးက
တောအုပ်မှာ လာရောက် ပုန်းခိုကြတယ်။
ဓားပြအုပ်စုက တောအုပ်ထဲမှာ စခန်းချ နားနေတုန်း
ရွာထဲကနေ နန်းတော်ဆီက ရဲမက်တွေရဲ့ သတင်းကို နားစွင့်စုံစမ်းကြတယ်။
အဲလို စုံစမ်းလိုက်တာ မမျှော်လင့်ပဲ ရွာထဲမှာ
ပညာရှိ အဖိုးအို တစ်ယောက်ရှိတယ်ဆိုတဲ့ သတင်းကို ကြားမိသွားကြတယ်။
အဲဒီအခါ ဓားပြ ခေါင်းဆောင်က တစ်ခု တွေးမိသွားတယ် ။
သူတို့ ခိုးဆိုးလုယက်တိုက်ခိုက်ထားတာတွေလည်း
တစ်နယ်နဲ့ တစ်နယ် ပြောင်းပြေးနေရလို့ ကုန်သလောက်ဖြစ်နေပြီ ။
သူ့လက်အောက် ငယ်သားတွေလည်း စစ်သားဆိုတဲ့ အသံကြားတာနဲ့
ကျီးလန့်စာစားရသလို နေ နေရတာ မကြည့်ရက်တော့ဘူး။
အဲဒါကြောင့် ဒီအလုပ်ကို စွန့်လွှတ်တော့မယ် ။
ရွာထဲက ပညာရှိဆီသွား၊ အဆုံးအမတွေ နာခံပြီး
ကောင်းရာကောင်းကြောင်းပဲ လုပ်စားတော့မယ်ဆိုပြီး အကြံရသွားတယ်။

အဲဒါနဲ့ ချက်ချင်းပဲ သူတပည့်တွေကိုတိုင်ပင် နားချကြည့်တယ် ။ ပညာရှိဆိုတာ သူတို့ ရဲ့ ရန်သူမဟုတ်ဘူး ။ ပညာရှိဆိုတာ မှိုပဲကောင်းတယ် ပဏ္ဍိတာနဲ့ ဘာညာ ဆိုပြီး ပါဠိလို မတောက်တခေါက်နဲ့ စည်းရုံး တော့ တပည့်တပန်းတွေက သူတို့လည်း ဒီအလုပ်ကို ငြီးငွေ့ နေကြပြီ ဖြစ်လို့ မဆိုင်းမတွ လက်ခံလိုက်ကြတယ် ။

အဲဒီလိုနဲ့ နောက်ရက်မှာ ဓားပြခေါင်းဆောင်က ဦးဆောင်ပြီး ရွာထဲကို ဝင် ၊ ပညာရှိ အဖိုးအိုရဲ့အိမ်ကို ရှာကြတယ် ။ ရွာသူရွာသားတွေက လူစိမ်းတစ်စုဝင်လာပြီ ဆိုတာနဲ့ နန်းတော်က သတင်းရထားပြီးဖြစ်လို့ ရာဇဝတ်သား တွေပဲလို့ အတပ်သိကြတယ် ။ ဓားပြတွေက သူတို့သယ်လာတဲ့ လက်နက်တွေကိုမသယ်ဆောင်ချင်တော့ပါဘူး။ ဒါပေမယ့် မတော်တဆ ရွာသားတွေ တိုက်ခိုက် ဖမ်းဆီးရင် ခုခံကာကွယ်ဖို့ဆိုပြီး ယူလာကြရတယ် ။အဲဒါကြောင့် ရွာသားတွေ စိတ်ထဲမှာ ရမ်းရမ်းကားကား ဖြစ်သွားတယ် ။ဓားပြ အုပ်စု အဖိုးအို အိမ်ထဲရောက်တော့ ရွာသားတွေ ခြံအပြင်ကပဲ ဝိုင်းပြီး ကြည့်နေကြတယ် ။ တိုးတိုးကြိတ်ကြိတ် ။ ဘယ်သူမှလည်း ဘာကိစ္စလာကြတာလဲ ဝင် မစပ်စုရဲကြဘူး ဓားလှံလက်နက်တွေနဲ့ ကြောင့်။ဓားပြတွေ ပညာရှိ အဖိုးအိုဆီလည်း ရောက်ရော ခေါင်းဆောင်က သူတို့ ရဲ့ ဖြစ်ကြောင်းကုန်စင်ကို ပြောပြ ပြီး လူသစ် စိတ်သစ် နေထိုင်ချင်ကြောင်း ပြောတယ်။

အဲဒီအခါ အဖိုးအိုက တရားရေအေးဆိုတာ အယုတ် အလတ် အမြတ်မရွေး သောက်သုံးခွင့် ရှိတယ် ဆိုပြီး လက်ခံစကားပြော ဆိုဆုံးမ လိုက်တယ် တဲ့ ။ အဲလိုနဲ့ ဓားပြ အုပ်စု အဖိုးအိုရဲ့ အဆုံးအမတွေ နာခံပြီး ပြန်သွားကြတယ်။ ရွာသားတွေက အဝေးက မို့လို့ ဓားပြတွေနဲ့ အဖိုးအို တို့ စကားပြောတာတယ်ဆိုတာကိုပဲ သိကြပြီး ဘာတွေ ပြောလဲ မသိကြဘူး။ လမ်းမှာ ခေါင်းဆောင်က အဲဒီပညာရှိကြီးရဲ့ အဆုံးအမ က အင်မတန် အဖိုးထိုက် လို့ နားထောင်ရတာ အားမရသေးတာနဲ့ နောက်တစ်ရက် ထပ်သွားချင်စိတ်ပေါ်လာတယ်။ အဲဒါနဲ့ ခရီးထွက်ဖို့ တစ်ရက် ထပ်ဆိုင်းပြီး နောက်ရက်မှာ အဖိုးအိုရဲ့အိမ်ကို ထပ်သွားပြန်တယ်။

အဲဒီလို သွားပြီး ပြန်လာတော့လည်း အားမရ သေးပြန်ဘူး
ထပ်သွားချင်စိတ် ပြန်ပေါ်လာပြန်တယ်။ အဲလိုနဲ့ ၁ ရက် ၂ ရက် ကြာသွားတယ်
၁ ရက် ၂ ရက်လောက်ကတော့ ရွာသားတွေ မျက်စိထဲ ကိစ္စ သိပ်မရှိသေးဘူး။
ဓားပြ အုပ်စုနဲ့ အဖိုးအိုတို့က တချိန်ချိန်က
အသိတွေ မို့လို့ ပင် နှုတ်ဆက်တယ် လို့ပဲ လက်ခံထားကြတယ်။
၃ ၄ ရက် ကြာလာတော့ အဖိုးအိုကို သံသယ ဝင်လာတယ်။
ရာဇဝတ်သားတွေနဲ့ ဆက်သွယ် ဆက်ဆံမှုတွေ ရှိတယ်ဆိုပြီးတော့ ။
အဲလို အဲလိုနဲ့ ၅ ရက် ၁ ပတ် ။ နောက်ဆုံး ဓားပြ အုပ်စု ရွာလေးကနေ
ထွက်ခွာသွားရော ပညာရှိအဖိုးအိုအိမ်ကို ဘယ်သူမှ မသွားကြတော့ဘူး တဲ့ ။
ဘာဖြစ်လို့လဲ ဆိုတော့
" အသေပလာစ ဗာလာနံ " လူမိုက်ကို ရှောင်ကြဉ်ပါ၏ ဆိုတဲ့ ဆုံးမစကားကို
ဆုံးမသူ ပညာရှိကြီးကိုယ်တိုင်က မလိုက်နာနိုင်လို့ တဲ့ လေ။

ကျွန်တော် ပုံပြင်ပြောလို့ ပြီးတော့ ချစ်သူက ဆူပုပ်ပုပ်နဲ့ ခေါင်းကုတ်တယ် ။
ရှင်းဦးတဲ့ ။
ကျွန်တော်လည်း ရှင်းနေရင် ဒီနေ့ အိမ်ပြန်ရမှာမဟုတ်တော့ဘူး လို့ နာရီကိုပြရင်
ကျွန်တော့် note book ထဲ မှာ မှတ်ထားတဲ့ မှတ်ချက်လေး တစ်ခုကို
ရွတ်ပြလိုက်တယ် ။
၃၈ ဖြာ မင်္ဂလာ (နောက်တိုး)
၃၈ ဖြာ မင်္ဂလာတရားများကို တစ်ပါးဆီ လိုက်နာခြင်းသည်
မင်္ဂလာတစ်ပါး ဖြစ်သည်။

နေကျယ်ဝန်း

## ပြိုပျက်သွားတဲ့ ဆည်းဆာ

မြစ်ကိုသတ်တာ ပင်လယ်မဟုတ်ဘူး
အလွမ်းကို ဂစ်တာ ထဲ ထည့်ပြီး ခတ် .... ခတ်ပြရတာ မောတယ်...
ဒဏ်ရာတွေ ကို မျက်လုံးထဲ ထည့်ပြီး ငွေ့ ရည်ဖွဲ့ ရတာ လည်းမောတယ်....။ ။

အဲဒီသီချင်းသံ ကို ဖေတာန်က ဆိုပြရင်
မီးကူးတဲ့ လိပ်ပြာတွေပဲ လာမှာ ပါ
ထင်းက မီးကို မငြိမ်းနိုင်ဘူး..............။ ။

ည....... ညတွေ ထဲ
ယမ်းယောင် ဟာစ်အော်မိတာက
မင်းနာမည် ချည်း သက်သက်..............။ ။

ဝေး............ဝေး..........ဝေးလိုက်စမ်း
ငါတို့ နှစ်ယောက်တစ်ယောက်တစ်ခြမ်းဖြစ်တဲ့ အထိ
ဒဏ်ရာအနာတရတွေ ချည်း တစ်လှည့်စီပေါက်ကွဲကြမယ်........ ။ ။

ဖြစ်ခဲ့တယ်........
ဆည်းဆာပြိုပျက်သွားတဲ့ ညနေ တစ်ခု
မင်းနဲ့ ငါကြားမှာ ဖြစ်ခဲ့တယ်..................။ ။

ငချူလိုင်

## စပ်ဖျင်းဖျင်း အဓိပ္ပာယ်များ

**စီးကရက်**
ဆေးရွက်ညိုညစ်
မီးခိုးရောင်လှိုင်းစီး နူတ်ခမ်းမီးနီရဲ
နက်ရှိုင်းမှုကိုတူးဆွဖို့
အတွေးလေးလေးတစ်ခုကို
ဦးနှောက်နဲ့ သင်္ဂြိုလ်ခြင်း

---

**လက်ထပ်ခြင်း**
ရင်ခွင်ခါးခါးခွက်တစ်ခွက်
ဂေဟမှုမှုလက်တစ်ဖက်စီကိုင်
နားလည်မှုသကြားခတ်
ရှုပ်မဲ့မဲ့နဲ့ တယောက်တဂက်စီသောက်ခြင်း

---

**ကွာရှင်းခြင်း**
ခြေထောက်ပေါက်လို့
ကာလေးတစ်ယောက်စီ ခွဲယူသွားတဲ့
ဖိနပ်နှစ်ဖက်

---

**ပို့ ချခြင်း**
အင်္ဂလိပ်ဆရာသင်ချိန်
မြန်မာစာအုပ်ထုတ်ပြီး
တရုတ်နှစ်ယောက် စကားပြောခြင်း

---

**ညှိနှိုင်းဆွေးနွေးခြင်း**
အယူအဆ အတင်အပြ
ဒေါသ နဲ့ မာန
ခေါင်းခါ ခေါင်းညိမ့်
ပြီးတော့...အိပ်

-----------------------------------

**ဘဘောတူညီချက်**
ဂ တခြမ်း ပ တခြမ်း
င တခြမ်း ၁ တခြမ်း
သုညတစ်လုံးကို
လက်မှတ်ဓါးနဲ့
တန်ဖိုးရှိအောင် ခွဲစိတ်ခြင်း

-----------------------------------

**မျက်ရည်**
ဒီဘက်ကမ်းက မိန်းမတယောက်
ဟိုဘက် ကမ်းရောက်ဖို့
ခံထိုးထားတဲ့ ရေတံတား

-----------------------------------

**အဘိဓါန်**
သီချင်ယောင်ဆောင်ခြင်းအဆုံးမှတ်မှာ
စကားလုံးတွေ နံပါတ်တပ်နေတဲ့လူ

-----------------------------------

**အစည်းအဝေးခန်းမ**
စမတ်ကျကျပတ်
နားကျပ်တပ်ပြီး မျက်မှောင်ကြုတ်
နားလည်သလိုလိုလုပ်ပြီး
ဘောင်ကျော်မေးခွန်းများ၏ ကခုန်ခန်း

-----------------------------------

ပီတိ
ကြည်နူးခြင်းလက်ဖက်မြောက်မြောက်တွေ
မရို့ တရှိ
လိုက်ကောက်နေတဲ့
ပါးနီရဲရဲ ပလောင်မလေး

---

ဂုဏ္ဍဂင်
ဘုဏ္ဍာ စာကြည့်ခန်းက
တခါမှ မကြည့်ရသေးသော
ခံစားဖန်တီးမှုအထူဆုံး စာအုပ်တန်းများ

---

အပြုံး
ခဲနဲ့ အပေါက်မခံရအောင်
စင်အောက်ကို ပစ်ပေးတဲ့
စင်ပေါ်က လူတစ်ယောက်ရဲ့
မျဉ်းကောက်

---

ရုံးခန်း
ကိုယ့်စားပွဲက အလုပ်
သူများစားပွဲပေါ် စာရွက်လုပ်ပြီး
ခပ်ရှုပ်ရှုပ် ပစ်တင်သူများ၏
မနက်ပါဝီ

---

သမ်းခြင်း
ဘုန်းကြီးကျောင်းမကြောက်
ဘုရားစာအော်ကျက်
ကပ္ပိယတစ်ယောက်ရဲ့
နိုက်ကာလပ်တာမ်းခြင်း

---

စသည်ဖြင့်...စသည်ဖြင့်
ဘဂတန်းကျောင်းသားများ၏
Bio အဖြေလွှာပေါ်က
အများဆုံးစာလုံး

---

အသင်းအဖွဲ့
ဖဲတစ်ထုပ်..အတူဂယ်
တကွဲစီ ကစားဖို့
တချပ်စီ ဖြိုကြသူများ၏
ဆိုင်းဘုတ်

---

အတွေ့ အကြုံ
အိမ်အသစ်ပျောက်
အမှုးသမားတစ်ယောက်၏
အိမ်ဟောင်းအောက်က
မှတ်စု

---

အက်တမ်ဗုံး
ကျားကြီးငါးကောင်၏
သူတို့ ကုတင်အောက်က
သူကြောက် ကိုယ်ကြောက်
မုန်တိုင်းကျ မှန္တာန်များ

---

အတွေးအခေါ် ပညာရှင်
အပြင်းဆုံး မီးတောက်အတွေး အရက်များ
စွဲစွဲမြဲမြဲသောက်
ဂုဏ်သရေရှိ ဘဂပျောက် အရက်သမား

---

သံတမာန်
မိမိနိုင်ငံ၏ ဘဏ္ဍာငွေများဖြင့်
သူများနိုင်ငံ၌ ပါတီပွဲများကျင်းပသူ

---

အခွင့်အရေးသမား
ဘုရားတည်ပြီ
မီးသွယ်လို့ ရမှ..ဘေးမှာ
အရက်စက်ရှိဆောက်
ငပွကြီး

---

အကောင်းမြင်သမား
ဂဏန်းနှစ်လုံးကို
ပေါင်းတတ်ပြီး
အနုတ်မတတ်သော
အမြောက်ဒီဂရီရ သင်္ချာသမား

---

အဆိုးမြင်သမား
မယားလေးယောက်ရ
သိကြားမင်းဘဝကို
ဂမ်းနည်းနေသူ

---

ကပ်စေးနဲ
အိကြာကွေးတစ်ချောင်းကို
ငပိချက်ဖြင့်
မနက်တထပ်..ညတထပ်စားသူ

---

**အဖေ**
အိမ်ဦးနတ်
အမေ့ယောက်ျား

---

**ရာဇဝတ်သား**
လောကီစိတ်ကုန်၍
ထောင်ထဲသွား တရားကျင့်သူ

---

**သူဌေး**
တတ်ချင်ယောင်ဆောင်
ဘာမှမတတ်သော ပိုက်ဆံရှိ
အလုပ်သမား

---

**နိုင်ငံရေးသမား**
မိန်းမစီးပွားရေး အားကိုးဖြင့်
ညစာစားပွဲ၌ စကားအကျယ်ဆုံးပြောသူ

---

**ဆရာဂန်**
လမ်းခုလတ်၌
မေးခွန်းမေး ခေါင်းညိမ့်ပြ
ထင်ကြေးပေး နားကျပ်သေနတ်ထောက်
ဓါးပြ

**အနော်မာ**

## ချစ်သော Donald (2)

ဒီ အခန်းကို မီးပြန်ညှိမယ်။
သူ့ လက်ချောင်း ဖြူဖြူတွေ
သွားစမ်းပါ ..........
သူ့ မျက်ခုံးနက်တစ်စုံ
သွားစမ်းပါ .....
သူ့ ဟမ်းဖုန်း မြည်သံချိုချို
သွားစမ်းပါ ..
အခန်း ကို မီး ညှိဖို့ လာခဲ့တယ်။
ဒီ ထောင်စုနှစ်အစ က ရောဂါပိုးတွေ
ဒီနေ့ ညကမင်းဖြစ်နေတယ်။

လူကြီးမင်း

# သောက်ဆေး ထိုးဆေး မှားသွားတဲ့လူ

ငါတူးဆွခဲ့တဲ့
ပြက္ခဒိန်တွေက ပြင်လို့မရတော့တဲ့ပုံစံနဲ့
အရှေ့ပဲသွားတယ်
အတ္တနဲ့ မာနတွေ
ရေမမျောပဲ ရောက်တတ်ရာရာကမ်းကပ်ခဲ့
ဘာဆို ဘာမှ ပါမလာခဲ့ဘူး
ဒီဘဝကိုသယ်ဆောင်ဖို့
ဟိုကမ်းပါးကို မှုပြီးခြေခဲ့တယ်

အိပ်မက်တွေတိုင်းမှာ
ရင်ဘတ်ငိုသံတွေလဲကြားရ
မျက်ရည်ကြွေသံတွေလဲကြားရ
ဆန္ဒတွေ တချင်ချင်နဲ့
ဆွဲထုတ်လိုက်ကြ
ပြီး ……
ပြန်ထည့်သိမ်းသွားကြ

အိပ်မက် ဒီရေတွေ
ဒရဟောကြီးပြီး
ပေပေပါးပါး အနာဂါတ် ပစ္စုပ္ပန် နဲ့
သားချော့သံညံတဲ့
အိမ်အပြန်လမ်းကနေ
ခဏ ခဏ ငါလှည့်ပြန်ခဲ့ရ
ဒီလမ်းတွေက ငါမရပ်ခဲ့ရင်တောင်
ရိုပ်သိမ်းသွားမှာ မဟုတ်ဘူး

ငါမဖြစ်မနေမြို့ထားတဲ့
မုသားတွေ ပြန်အန်ရမယ့်နေရာ
သွား . . . မယ်
ရင်ဘတ်ထဲက အိပ်မက်တွေ
အတိုင်းအဆမဲ့သွားတဲ့
မျက်ရည် နဲ့ အတင်းတွေ
ကြုံရာသာ ပစ်ချထားခဲ့တော့
တစ်မူးအသာနဲ့ရှုံးပါတယ်
ဘဝဆိုတာဖမ့်ဖို့ မီနူးခဏလောက်

အမောဖောက်နေတဲ့ စကားလုံးတွေ
ရေရှိုးမှားသွားတဲ့ ဆန္ဒတွေ
ဟူး . . . .
ငါ့အဆုတ်ကိုက ဂင်သက်ထွက်သက်လွဲနေပြီ

တစ်နေ့ထက် တစ်နေ့
ခပ်ထွေထွေ ညနေတွေထဲ
ပုံမှန်မဟုတ်ခဲ့တဲ့
အခါးရောင်အတ္တတွေမြည်းရင်း
အရက်ခွက်ကို မော့ . . . .

အင်း . . ပို့သူမပါခဲ့တဲ့ ငါ့ရှာပန အခုတင်ပြီးတယ်

မောင်မိုးချို

ကိုယ်
ပိုင်
စီး
မျော
ခြင်း

အထင်ကရမဟုတ်တဲ့

( ၁ )
အထင်ကရတွေ .....
မြို့နက်ရဲ့သွေးကြောထဲ
သွေးနီဥဆဲလ်တစ်ခုအဖြစ်
စီးမျောရွက်တိုက်
အထင်ကရ အမှိုက် ......

ကိုယ်ပိုင်စီးမျောခြင်း
ဟုတ်တယ် ။
အလိုအလျောက်စီးမျောခြင်း
ဘယ်သူ့အလိုမှ မလိုက်ဘူး .....
ကျော်မတက်ဘူး ....
အလိုအလျောက်စီးမျောခြင်း .....

ဂေါ်ဂင် ... ဗန်ဂိုး
တော်စတွိုင်း ... ပလေတို
အလိုအလျောက်စီးမျောရင်း
အချင်းချင်းတွေ့
နှုတ်မဆက်ကြဘူး ....
ဒါဟာ
ကိုယ်ပိုင် စီးမျောခြင်းပဲ .... ။

( ၂ )
ကျွန်တောင် မြင်မိသော အမြင်
ရုတ်တရက် ...
ပြာရီ မှုန် ဝါး ....
ဒါဟာ ...
ကျွန်တော် မြင်မိသော
အမြင်လား ....

ဘာဂဟာ ..
ခါးသတဲ့ ...
လူလည်း ခါးတယ် ...
အမြင်လည်း ခါးတယ် ....
အတွေးလည်း ခါးတယ် .....
ကျွန်ရစ်ခဲ့တဲ့ .... ငါ
ခါး တယ် ..... ။

တစ်ခါ ....
တစ်ခါ .....
လူတိုင်း ခါးတယ် ....
လူတချို့ ခါးတယ် ....
လူတွေ ခါးတယ် .....
ကျုပ်အယူနဲ့ ကျုပ်
မီးပုံးပျံ တစ်လုံးလို .....
အရှိအသေ မရှိဘူး
ရိုင်းစိုင်းမှု မသိဘူး
ယဉ်ကျေးမှု မတွေ့ဘူး ....
.......................
အဲ့ဒါ .........

( ၃ )

တစ်ခါတစ်လေ
သေဖို့တွေးတယ်
ကျုပ် အယူအဆနဲ့ ကျုပ်
တုန်လှုပ်ဖူးတယ် ....

ရင်ခုန်ခြင်းလား ....
ရင်တုန်ခြင်းလား ....
တာဝန်မယူနိုင်တဲ့ အရာ .....
ကျုပ် ရင်ဘတ် ကို ...
သိမ်းပိုက်တယ် ....

နိဗ္ဗာန် ....
မသိဘူး .....
မရှိဘူးလို့ ..
ကျုပ်မပြောဘူး ......

ဒါပေမယ့်
ကျုပ် သိတဲ့ အသိ
မသိဘူးလို့ ....
ကျုပ်ငြင်းတယ် .... ။ ။

ကျေးတော်မျိုး

ရှာဖို့ရှယ်မှ ၊ မိုးက
ပြီုတယ် ။ ပျို့ရှယ်စင် ရန့်တစ်ခု
နာခေါင်းထဲ ၊ အလဲလဲ အပြိုပြို ။
တိုး / ဂင် ။
ဂင်တိုးလိုက် ၊ ဂင်တိုးလိုက် ။
ခင်ဗျားတော်ရင် ၊ ခင်ဗျားဖို့ပဲ ။
တစ်ဘို့တည်းတော့ ၊ မကြည့်နဲ့ ။
မြစ်ဆိုတာ အစုန်ရော အဆန်ပါ စီးတယ် ။
ပြောကြစတမ်းဆို ၊ ဒီတစ်ပတ်
၈၉ % ကံဆိုးတယ် ။
ဟုတ်တယ် ။ ခွေးစုတ်မလေးရဲ့ ။
ငါက ခဲတံ ။ မင်း စာတတ်ဖို့
ငါ့အား ၊ တစ်လွှာချင်း လွှာသွားလိုက် ။
နှစ်လွှာပေါင်းမှ တစ်ရွက်
လို့ ၊ ဘယ်သူပြောလဲ ။
စွယ်တော်တစ်ခြမ်းပဲမှာလည်း ၊ သူ့ မာနနဲ့
သူ ၊ တစ်ဂက်တိတိ ခမ်းနားတယ် ။
' အခမ်းအနား စတင် ဖွင့်လှစ်ကြောင်း ......... '
လှစ်ခနဲ ပွင့်လာတဲ့ တံခါးတစ်ချပ်
လှစ်ခနဲ ဆွဲဖွင့်ကြည့်တော့
လှစ်ခနဲ မြင်လိုက်ရတဲ့ အရိပ်တချို့
လှစ်ခနဲ ပျောက်သွားတယ် ။
လှစ်မပြတော့ဘူး ။ သွေးနွေးရုံ ၊
အာစွတ်ရုံ ၊ နှစ်ပက်လောက် သောက် ။
နှစ်ပတ်လောက် မှုး ။
' အတူဖြတ်သန်းခဲ့ကြတဲ့ နှစ်ပတ်လည်နေ့များ .... '

နေ့တွေများတယ် ။ များလာတဲ့
နေ့တွေမှာ ၊ များလာတဲ့ အမှားတွေ
များများလာပြီး ၊ အမှားတွေ များတယ် ။
အမှားများတာတွေ များတယ် ။
အမှားများတဲ့နေ့တွေ များတယ် ။
များများလာတဲ့ အမှားတွေ ။
မှားမှားလာတဲ့ အများကြားမှာ
ငါကပဲ အမှားများတာလား ။
အများကပဲ ငါ့ကို မှားအောင် လုပ်တာလား ။
အများက မှန်တယ် ဆိုပါစို့ ။
အများမှန်ရင် ၊ အမြန်မှားတတ်လား ။
အမြန်မှားရင် ၊ အမှားမြန်တတ်လား ။
အမှားမြန်ရင် ၊ အမှန်များတတ်လား ။
( အမှားမြန်လို့ ၊ အမှန်များတာ ဖြစ်မယ် ။ )
ဟုတ်ကဲ့ ။
ဖျက်ရာ ပြင်ရာ မပါတဲ့ နေ့တစ်နေ့
ကို ၊ လျှောက်လှမ်းဖို့
ခင်ဗျား အိတ်ကပ်ထဲက ခဲဖျက်ကို
လှွင့်ပစ်ထားခဲ့ ။
ဖက်ကြမ်းတစ်လိပ် ၊ ဘီအီးတစ်စိတ်
လွယ်အိတ်တစ်အိတ် ၊ မျက်စိတစ်မှိတ်
' ဟပ်ချလောင်း ... '
ကဗျာဆရာလို့ ၊ ပညတ်ထားတာ
အဲ့ဒါတွေကြောင့်လား ။
ဗီးဂတ်စ် သောက်တယ် ။ ဂရမ်း နဲ့
မှောက်တယ် ။ ကျောပိုးအိတ်
ကောက်လွယ် ။ သေချာတာပေါ့ ။
' ငါ .... ကဗျာဆရာ မဟုတ်ဘူး ... '

ဆူးခက်မင်း

## ခါးပြဇာတ်

ကောင်းကင်ပွင့်ပြီလား.....?
မြို့ရိုးကိုမှီထိုင်၊ ကြယ်တစ်ရာပတ်ပျိုးတစ်ပိုဒ်နဲ့
မီးပျက်နေတဲ့ ကမ္ဘာရတစ်ခြမ်းမှာ အသက်ရှုကြပ်တယ်။
ဖြစ်နိုင်ရင် ဘယ်ကောင်မှ ကြေးစားမလုပ်ချင်ဘူး......
ကိုယ့်ခါးကိုကိုယ် မြှအောင် သွေးချင်ကြတာချည်းပဲ.......။

မနေ့ကနေသာတယ်..။
ကိုယ့်ကိုကိုယ် အချိုးမပြေကြောင်း ဒီနေ့မှသိတယ်..။
နှလုံးသားတည့်တည့်က ဆင်ဆာဖြတ်ခံရ
စောင်းကြိုးတွေပိုင်းဖြတ်မယ့် ခါးအော်သံ
........... တိုက်ပွဲမှာငါကျတယ်...............

"အနုပညာက စကားပြောသတဲ့"
သွားစမ်းပါ… ခရစ်နှစ်နှစ်ထောင်က ထွင်းထုခဲ့တဲ့
ငါ့ကဗျာအဟောင်းတွေထဲက စကားလုံးအသိုးတွေ……
သံကြွပ်နဲ့ လုပ်ထားတဲ့အပြုံးတွေ……
ကိုယ့်ယုံကြည်ချက်နဲ့ကိုယ် လက်ထိုးအန်ချပစ်လိုက်ရဲ့
ထက်ပိုင်းကွဲနှင်းဆီတို့ ရဲရင့်မွှေးရီကြပြီ..။

အဲ့ဒီအလင်းတစ်ပြိုက်..၊နှစ်ပြိုက်အောက်မှာ
မျက်ရည်ပေါက်ကြီးငယ်ကို အကုန်မျိုချ………
လက်ဖဝါးထဲက တိမ်တစ်ဆုပ်ကို
စိတ်ရှိလက်ရှိ ချရေးကြည့်တယ်..။
"တို့သိပ်ချစ်ကြတယ်"
"တို့သိပ်ချစ်ခဲ့ကြတယ်"
နှင်းဆီရွက်စိမ်းစိမ်းလေး ရန့်တွေ ပြာပြာသလဲကြွေကျ
ငါလွှမ်းလိုက်တာ…။

ထားလိုက်ပါနေတော့လေ…
ခါးဆိုတာသူရတဲ့ထောင့်က ပင်လာမှာပဲ
ယမ်းခိုးတလူလူအစီးအနှင်းကြား
အိမ်မက်ကိုထည့်ရေးဖို့ ငါမေ့သွားတယ်..။
ငါ့ဖဲဆင်မှာ ဂျိုကာမပါဘူး……
ယကြာချေဖို့ ငါဘာလို့မေ့ခဲ့တာပါလိမ့်…။

မမြဲခြင်းတရားက ဖက်လဲတကင်းဆီးကြို
စိုတိစိုဖတ်နဲ့ ဘဂကို အံစာခေါက်ကြည့်တော့
"တစ်"ကျတယ်…။
ဘာမှမရတာကိုက အမြတ်ဖြစ်နိုင်တယ်…
ခပ်တည်တည်နေတတ်ဖို့တော့လိုလိမ့်မယ်…။

တစ်ချိန်က တစ်စုံတစ်ယောက်ရေ
အင်ဂျလီနာဂျိုလီအကြောင်းပြောတုန်းပဲလား?
အိန္ဒြာကျော်ဇင်အကြောင်း ပြောတုန်းပဲလား ?
လေ့ကားတိုင်းတက်ဖို့လို့ ထင်နေတုန်းပဲလား?
ပြောခဲ့ပြီးပါပြီ.........
"ဖြစ်နိုင်ရင် ဘယ်ကောင်မှ ကြေးစားမလုပ်ချင်ဘူး"ဆိုတာကို.........

မိတ်ဆွေ............
သင်နှင့်ကျွန်ုပ်သည် တရားမဝင်သော မိတ်ဆွေများဖြစ်နိုင်ပါတယ်..။
နောက်ကျောမှလာသောဓါး.......
နံဘေးမှ ကပ်ဝင်လာသောဓါး.........
ဘယ်ဘက်ရင်အုံသို့ ပြေးဝင်ဆိုက်သောဓါး.....
မည်သည်ကိုမှ မရှောင်တော့ပါ.....။
အသွေးအသားထဲတွင် ဓါးယဉ်ကျေးမှုတို့
စိမ့်ဝင်လည်ပတ်နေကြသည်.....။
မကြာမီ............ကိုယ်တိုင်ဓါးတစ်စင်းဖြစ်သွားနိုင်ပါ၏..။
သင်အန္တရာယ်ကင်းလိုလျှင် ကျွန်ုပ်ကိုပါ သတိထားပါ.....

မနေ့ကတော့နေသာခဲ့ပါသည်...။
တစ်စုံတစ်ယောက်၊ လူ့ဘောင်လောကနှင့်ငါ
နက္ခတ်တစ်လုံးစာ ဝေးကွာသွားခဲ့ပြီ.......။
ဓါးပြဇာတ်အတွက် ပွဲသိမ်းတီးလုံး လွင့်ပျံလာခဲ့ပြီ...
ဇာတ်ခုံပေါ်တွင် လိုင်းများရှိ၏...
အားလုံးပုတ်ခတ်တတ်သည်ချည်းပင် ဖြစ်သည်.....။

ပိုးဥ

## ပုဇွန်ဆီရောင်နွေဒိုင်ယာရီညများ ၏ နိုဂင်ဘာဘုရင်မသို့တမ်းချင်း

(ဂး၁းဂ)

နို ဂင် ဘာ မ လေး ရေ
ငါ့ ကို သ တိ ရ တိုင်း
ငါ့ နာ မည် ကို
တစ် ကြိမ် လောက် ခေါ် ပါ ။

(ဂး၁း၁)

သိ ပါ ရဲ့ လား
ငါ့ န လုံး သား ပြု ကွ ဒိန် မှာ
မင်း နာ မည် က
တစ် သက် တာ ရေး ထိုး ထား ခဲ့ တာ ။

(ပး၁း၂)

နို ဂင် ဘာ မ လေး ရေ
အ ခု ဆို
ဂတ် မှုန် ကူး တတ် စ
ငါ့ မြို့ လေး ဟာ
သံ ဝေ ဂ အ တု နဲ့
မီး တောင် တစ် ခု လုံး ကို မြို ချ လိုက် တယ် ။

(ဂး၂း၁)

သ ရုပ် မှ န် ပါ ဒ ဆ န် ဆ န် ပြော ရ မ ယ် ဆို ရ င် ပေ့ါ
သ တိ ရ တယ် ဆို တာ
လွမ်း တယ် လို့
ဘာ သာ မ ပြန် ချင် တာ က လွဲ ရင်
စာ မျက် နှာ ၁၅ ကို လည်း
ငါ
မ ဆို ချင် တော့ ဘူး ။

(ဂး၂း၂)

အ ယူ အ ဆ
မာ န
သီ ကွာ တစ် ချို့ နဲ့
အိပ် မက် တွေ ကွာ ရှင်း ပြတ် စဲ တဲ့ နေ့ က
ငါ့
ဒိုင် ယာ ရီ ထဲ မှာ
နီ ဂင် ဘာ မ လေး ကို
ထပ် တွေ့ လိုက် ရ သေး တာ ပဲ ။

(ဂး၃း၁)

မိုး ခြိမ်း သံ ကြား တိုင်း
ခြေ ချော် လက် ချော် လွမ်း တာ မျိုး မ ဟုတ်
ငါ့ နွေ ရာ သီ ထဲ
ဖွဲ့ မီး တောက် သ လို
က ပို က ရို လေး နဲ့ ယိမ်း ယိုင် လဲ ကျ
သ တ္တ ရာဇ် တွေ နဲ့ သက် သေ ပြ မယ် ။

(၀း၁း၂)

နီ ဂင် ဘာ မ လေး ရေ
မု ဒွန် ဆီ ရောင် သမ်း တဲ့ ည နေ ခင်း ထဲ
အ လျား လိုက် မှောက် ရက် လဲ ကျ
ငါ့ ကောင်း ကင် တစ် ခု လုံး
ခေါက် ရိုး ကျိုး သံ စဉ် တွေ နဲ့
ဖော ဖော သီ သီ အ မိ ပွယ် မဲ့ နေ ပြီ ။

(၀း၀း၀)

...ကဲ...
နီ ဂင် ဘာ မ လေး ရေ
ငါ့ ကို သ တိ ရ တိုင်း
ငါ့ နာ မည် ကို
တစ် ကြိမ် လောက် ခေါ် ပါ ။

အမည်မဲ့

## စိမ်းတဲ့ကဗျာ

စဖတ်ပြီဆိုတာနဲ့
စရေးတဲ့နေရာတန်းရောက်တော့တာပဲ
လို့
ထင်လို့ ရပါတယ်/ထင်တောင်မထင်မိဘူးဟုတ်
တကယ်တော့
တကယ်တော့ဆိုတာ စကားဆက်ပြီးပြောတာ
သဒ္ဒါနည်းအရဆို သမ္ဗန္ဓ
သမ္ဗန္ဓ ဆိုတာ အနက်ပြန်ရင် စကားဆက်
ခုနက စကားကို ဆက်ပြီးပြောရင်

စဖတ်ပြီးဆိုတာနဲ့
ကျွန်တော်/ကျွန်တော့် ထောင်ချောက်ကို နင်းမိတော့တာပဲ
လေထဲမှာ ကားယားကြီး ၊ တကိုယ်လုံး
ကျုံကျသွားတယ်
ကျွန်တော်က / ကျွန်တော့်ကိုစောင့်ကြည့်ရမှာ/ကြပါ
မျက်မြင်သက်သေကို
ကြံရာပါ အဖြစ်ဆွဲထည့်လို့
ဒီ အမှုကိုဆက်လက်စစ်ဆေးရန်
အောက်တစ်လိုင်းသို့ ချိန်းလိုက်သည်။
ချိန်းထားရင်တောင် လွဲဦးမယ်
ဆိုတာလို
လွဲ အောင်လမ်းကြောင်း
(ပါဒကိုပြောင်းပြန်လှန်လိုက်)
လမ်းကြောင်းလွဲအောင်
မျဉ်း/မြင်း စောင်း/ဇောင်း တွေခံ/နဲ့ ခံ ပြီး
ဇောင်းပြေးနေတဲ့ မြင်းတွေလို အဓိပ္ပာယ်တွေလွတ်/လွှတ်နေရင်း/ပြီး
ရှင်... နာမ်စားတွေပြောင်းနေ/ထားတာ ထည့်ပြောလေ
အဲသည်လို လေသံတွေပြောင်းပြီး
ကွင်းစ ကွင်းစ ၊ ကွင်းပိတ် ကွင်းပိတ်
(ကွင်းစ၊ ကွင်းပိတ်)တွေ ထည့်ထားတော့
ဖတ်တဲ့ဟာ ခက်ခဲတယ်၊ ခက်တဲ့ဟာ ဖတ်ခဲတယ်ဆိုပြီး
ကျော်/ဖတ်ကြည့်လိုက်တော့
တခန်းရပ်ကို အခန်းဆက်သလို
အခန်းဆက်ကို တစ်ခန်းရပ်သလို
ပုဒ်မ နှစ်ချောင်းချလို့ ။

သုဇော်စိုင်း

## မေဦးဖတ်ဖို့ -၁

ငါ....
အကြောင်းအရာ၊ခေါင်းစဉ်
စသဖြင့်ခွဲခြား
အတွေးများစွာထဲက စီးကာရက်နံ့ ကို မုန်းတီးခဲ့
ဂျစ်ပစီလို အသက်ရှူခဲ့
"ညီမလေး မမမြင့်" ကိုချစ်မြတ်နိုးခဲ့
အကြောင်းပြချက်များစွာဖြင့်
အသက်ရှင်ခဲ့..........။

ငါ ၊ကဗျာဆရာ
လေလိုလူလေ...
ညှံ့ဖျင်းမှုအပေါင်းနဲ့
ဆုတံဆိပ်များရယူသူ၊
ရက်ထပ်နှစ်မှာ ဖေဖော်ဝါရီနဲ့ ရန်ဖြစ်သူ၊
ကိုယ့်တန်ဖိုးကိုယ်မသိသူ၊လူအန္တ။

ဟိုစဉ်တုန်းရက်များ
ငါယုံကြည်ရာ သက်ကာယ်ရိတ်သွားချိန်၊
တို့ နှစ်ဦးတွေ့ စ ဂါဆိုတစ်လပေါ့
နှင်း ၊ပန်းဒဏ္ဍာရီထဲက နတ်သမီး
စကားတစ်ခွန်းကို အကြိမ်ကြိမ်ပြောသူ၊
မနက်ဖြန်များနဲ့ မိတ်ဖွဲ့ သူ၊
ရှေ့နေတစ်ယောက်ရဲ့စိတ်နဲ့
ကလေးဆန်နေသူ၊
နှင်း ၊မူလတန်းတက်ဆဲအချိန်
ငါတို့တွေ့ စ ဂါဆိုတစ်လပေါ့။

မြူတွေဝေဝါးတဲ့
အချည်းအနှီးတောင်တန်းတွေမှာ
နင့်ရယ်သံတွေ ငါတွေ့ရှိခဲ့
မေတ္တာအကြောင်းဆွေးနွေးတဲ့
ဓမ္မသဘင်မှာ..........
နင်က
သနပ်ခါးလိမ်းတတ်တဲ့
ဥရောပဆန်သူလေ၊
ဂါဆိုလေနဲ့အတူ ငါ့စိတ်လည်း ကိုင်းညွတ်၊
မရည်ရွယ်သော စကားတစ်ခွန်းကို
ဓားခင်းပြီးပြောခဲ့ရ
အဲဒီအချိန်
(လက်ပံတွေ ပွင့်နေသေးတယ်)
ငါတို့တွေစ ဂါဆိုတစ်လပေါ့။

မိန်းကလေးရေ.................
မျက်နှာမူရာမှာ ပျော်ရွှင်ပါ
အနောက်နေ ထွက်သော ယုံတမ်းတွေမှေ့ပစ်
ရွက်စိမ်းသစ်တွေအောက်မှာ
ကညစ်နဲ့ ရေးတဲ့
စာချွန်တစ်ကြောင်း
ဘယ်တော့မှ
မပျောင်းနိုင်ပါဘူး.......
ဆက်ဆံရေးကျဲပါးတဲ့
ညနေခင်းကစားပွဲမှာ.....
စာမျက်နှာချို့တဲ့ခဲ့ရသူ ငါ့မိတ်ဆွေမလေးရေ
ငါ ဘယ်လောက်ချစ်တယ်ဆိုတာ
ဘုရားရှင်တောင်ငြင်းနိုင်မှာ မဟုတ်ဘူးကွယ်။

နေ့ သစ်

## ရုပ်ရှင် ၊ လောက

အပိုဒ်ခွဲ ၁
အလိုမတူပါဘဲ နေကအငြိုးနဲ့သာနေတယ်။
("ထိုး" တွေကလည်း "ပါး" လိုက်တာ)
မွန်းကြပ်လောက်အောင် လေငြိမ်ပုံက အသက်ရှူတောင် မဝဘူး။
ဒါမှမဟုတ် ငါကိုယ်တိုင်က
အသက်ရှူဖို့ကိုမေ့နေခဲ့တာလည်း ဖြစ်ကောင်းဖြစ်မယ်။
(ရှူစရာ အသက်မရှိတာလည်း ဖြစ်နိုင်သည်)
ပတ်ဝန်းကျင်က ကြိုးမိန့်စောင့်နေတဲ့ ရာဇဝတ်သားလို
စိတ်အနှောင့်အယှက် ဖြစ်ရတဲ့ထိ တိတ်ဆိတ်နေတယ်။
(ဒီနေ့ ဇာတ်သိမ်းခန်း ထင်တယ်)
ခြေသံတစ်ခုတာလေများကြားရမလားလို့နားစွင့်....
ဖွင့်ထားတဲ့ ထမင်းချိုင့်တောင် အပေါ်ယံက ခြောက်သွေ့လာ။
"အားလုံးတိတ်မယ် ။ အသံပါယူရမယ်။"
"ကင်မရာ ဒီဘက်နည်းနည်းလှည့် ၊
မဆိုင်တဲ့လူ မပါစေနဲ့ ၊ မဆိုင်တဲ့လူမပါစေနဲ့"

"မဆိုင်တဲ့လူ?"
"ပါးစပ်ပိတ်ထား ၊ အိုကေ ရယ်ဒီ "

အပိုင်းခွဲ ၂
..5..
..4..
..3..
..2..
..1..
"Action"
"ဆူးလေ ဆူးလေ"
"ကွမ်းယာ ဆေးလိပ် ဆေးလိပ် ကွမ်းယာ"
"ငါ နင့်ကို ချစ်တယ်"
"ဒီနေ့ ဒေါ်လာဈေးဘယ်လောက်လဲ"

"မျက်ရည် အစစ်ပဲ သုံးမယ်နော်"
"သံသရာ ဆိုတာ ....."
"နင် ငါ့ကိုမေ့လိုက်တော့"
"ဖြန်း"
"ဒုန်း"
"ဟာ.. ဒိုင်နာနဲ့ ဆလွန်းနဲ့"
"ဟော မြေးလေးတောင်ပြန်လာပြီကိုး
ဟောဒီမှာ မောင်xxx က သမီးအတွက်တဲ့....."
"တောက်.. သမီးမိုက်"
" နောက်ဆုံး ကောက်ရိုးလေးကို ငါလွှတ်လိုက်မယ် ။
ဘာလို့လဲဆိုတော့ အဲဒါက လူသတ်လက်နက်တစ်ခု ဖြစ်နေခဲ့လို့ပဲ ။
ပြီးရင်တော့ မျှော်လင့်ချက်သည်

ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည်လို့
တီဗွီမှာ ကြော်ငြာထည့်ရမယ်"
"Cut"

အပိုဒ်ခွဲ ၃

ပြီးသွားပြီလား ...။ ပြီးသွားပြီလား ။ ပြီးသွားပြီထင်တယ်။
ဟုတ်တယ် ပြီးသွားပြီ။ ဒါပေမယ့် ဘာပြီးသွားတာလဲ ။
Scene တစ်ခုလား ဇာတ်လမ်းတစ်ခုလုံးလား။
ဒါ အဆုံးသတ်တစ်ခုပါပဲ။
တစ်ခုရဲ့ အဆုံးဟာ တခြား တစ်စုံတရာရဲ့ စတင်ခြင်းလား ။
ဒါမှမဟုတ် အားလုံး အဆုံးသတ်သွားတဲ့ သဘောလား။
စတင်ခြင်းလား အဆုံးသတ်ခြင်းလား ။
စတင်ခြင်းလား အဆုံးသတ်ခြင်းလား ။
အစတစ်ခုဟာ တစ်ခုခုကို အဆုံးသတ်လိုက်ခြင်း ဖြစ်နိုင်သလို
အဆုံးတစ်ခုဟာ တစ်ခုခုကို စတင်ဖို့လည်း ဖြစ်နိုင်တာပဲ။
ဒီလိုဆိုတော့လည်း အစနဲ့အဆုံး အတူတူပါပဲလား ။
(နှစ်ခုစလုံး တကယ်မရှိတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့လေ)။

ပြီးသွားပြီ။
Scene တစ်ခုလား ဇာတ်လမ်းတစ်ခုလုံးလား။
နောက် Scene ဆိုရင် ဒီဇာတ်အိမ် ဒီလူတွေပဲပေါ့ ။ အင်း အင်း ..။
နောက် ဇာတ်လမ်းဆိုရင်ကော။
အင်း ... ဇာတ်အိမ်တော့ ဘယ်တူမလဲ ဒီလူတွေတော့ ပါချင်ပါဦးမှာပေါ့ ။
ပါမှာပါ ဒါပဲ ရှိတာပဲ။
စကားမစပ် ခေါင်းစဉ်က ဘာတဲ့လဲ။ ရုပ်ရှင်လောကလား ။ မဟုတ်ဘူး ။
ရုပ်ရှင်လောက မဟုတ်ဘူး ။ "ရုပ်ရှင် ၊ လောက "
(ရုပ်ရှင် ပုဒ်ကလေး လောက) ဖြစ်တယ်
ဟုတ်တယ် ။ ရုပ်ရှင် ၊ လောက

အပိုဒ်ခွဲ ၄
"ကဲ ကဲ ဆက်ရိုက်ရအောင် ဇာတ်ရုံတွေသွားခေါ်"
"ဇာတ်ရုံမရှိဘူး အကုန်လုံးက ဇာတ်လိုက်ပဲ"
"ဘာကွ"
"ဇာတ်ရုံ မရှိဘူး ရှိတဲ့လူတိုင်းက ဇာတ်လိုက်ပဲလို့"
"ဘာပဲ ဖြစ်ဖြစ်ရိုက်တာပေါ့ လာခဲ့ လာခဲ့"
"ဟင့်အင်း နားချင်ပြီ"
"ဘာ"
"နားချင်ပြီ"
"ဘယ်ဖြစ်မှာလဲ"
"ဖြစ်ပါတယ် ဖြစ်ချင်ရင် ဖြစ်ပါတယ်"
"နားချင်ပြီ ..."
"နားချင်ပြီ ..."
"နားချင်ပြီ ..."

*ပီတိ ( စိတ်ပညာ )*

## ညအနီ

ကောင်းကင်ကိုမော့ကြည့်ပြီး

လက်ညှိုးလေးတစ်ချက် "**ကွေး**" ချလိုက်တယ်

ကြယ်တွေကြွေလာစမ်း

ရုပ်သေး

ကျေးဇူးတင်လွှာ

ကျွန်တော်တို့ရဲ့ အားထုတ်မှုလေးကို အသိအမှတ်ပြုပြီး ဖတ်ရှုပေးတဲ့ ချစ်လှစွာသောစာဖတ်ပရိသတ်များကို ပထမဆုံးအနေနှင့် ကျေးဇူးတင်ရှိပါသည် ။ ဒီ e-book လေးဖြစ်မြောက်အောင် ဝိုင်းပန်းကြိုးစားခဲ့ကြတဲ့ လင်းပွင့်လက်များ ညီအကိုမောင်နှမများကိုလည်း ဒီနေရာလေးကနေပြီးတော့ ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ် ။ နောက်ထပ် ကျေးဇူးတင်ရမှာကတော့ တစ်ညလုံး အပင်ပန်းခံပြီး ဒီ e-book လေးအထမြောက်အောင် တစ်ဖက်တလမ်းက ကူညီပေးခဲ့တဲ့ ကိုမိုးချို ၊ ကိုရုပ်သေး ၊ ကိုညီစိမ်း တို့ကိုလည်း ကျေးဇူးအထူး တင်ရှိပါတယ် ။ ဒီ e-book လေးအတွက် ကဗျာတပုဒ် ပါဝင်အားဖြည့်ပေးခဲ့တဲ့ ကိုငယ် ( ကျေးတော်မျိုး ) ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း နှင့် ကျေးဇူးတင်ရန် ကျန်ရှိနေသေးသော ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်း . . . . . . . . . ကျေးဇူးတင်ရှိပါသည် ။
ထိုသည် ကျေးဇူးတင်လွှာ ဖြစ်၏ ။ ။

အမှားအယွင်းများရှိခဲ့သည်ဖြစ်သော် ခွင့်လွှတ်ပေးကြပါရန် နှင့် လိုအပ်သည်များကိုလည်း handsofenlightenment@googlemail.com သို့ ဝေဖန်အကြံပြုပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည် ။

လင်းပွင့်လက်များ


ဂန္ထဝင်မမ
အောင်ချိမ့်
ဓာတ
တတိယအကြိမ်

မာတာစာအုပ်
အမှတ် (၃)

**မာတာစာအုပ်တိုက်**
အမှတ်(၁၉၈) မြေညီထပ်၊
၃၃ လမ်း၊ (အထက်)
ကျောက်တံတားမြို့နယ်၊
ရန်ကုန်။

## မာတာစာပေမှ
## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

| | | |
|---|---|---|
| ၁။ | မြသန်းတင့် | ပုံတောင်ပုံညာသွားတောလား |
| ၂။ | မောင်ထွန်းသူ | ကြက်သွေးရောင်ပန်း |
| ၃။ | မောင်ထွန်းသူ | စိမ်းရက်လေအား (ဒုတိယအကြိမ်) |
| ၄။ | သုခမိန်လှိုင် | သီချင်းများ |
| ၅။ | ရန်နောင်ဦး | နံရံများနှင့် စကားပြောခြင်း ( PINK FLOYD THE WALL ) |
| ၆။ | အောင်လှစိုး | ဘွန်းဆိုင်းစိုက်ပျိုးနည်း ( BONSAI ) |

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၉/၉၉ (၂) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၆/၂၀၀၀ (၁) |
| ပုံနှိပ်ခြင်း | တတိယအကြိမ်<br>၂၀၀၀၊ ဖေဖော်ဝါရီလ |
| အုပ်ရေ | ၁၀၀၀ |
| မျက်နှာဖုံး | ပိုပို |
| အတွင်းဖလင် | AZ |
| အတွင်းစာလုံး | w!zard |
| ထုတ်ဝေသူ | ဦးသန်းဆွေ<br>စစ်သည်တော်စာပေ<br>၁၁၃၃/က<br>၁၉ ရပ်ကွက်၊<br>ဥယျာဉ်လမ်း၊ ဒဂုံတောင်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | - **w!zard**<br>ဦးဇော်မင်း(၀၅၄၂၈)<br>အမှတ် (၁၉၈)၊ မြေညီထပ်<br>၃၃လမ်း (အထက်)<br>ကျောက်တံတားမြို့နယ်<br>ရန်ကုန်။ |

ချစ်တဲ့ဖော်ဝေး သို့

# ဖော်ဝေး ၏ အမှာ

ဒီကနေ့တော့ အင်္ဂလိပ်သစ်လေး တစ်ထည်နဲ့ ကိုယ့်ကိုယ်ကို ကုသိုလ်ကောင်းမှုပြုလိုက်တယ်။ မပြည့်စုံသူတွေ အတွက် တစ်စုံတစ်ခုဟာ ပြည့်စုံသူတို့ရဲ့ အလုံးစုံထက် ပိုတန်ဖိုးကြီးပါတယ်။ စိတ်ကျေကျေနပ်နပ်နဲ့ မအိပ်ခင်လေး မှာ တစ်ကမ္ဘာလုံး အင်္ဂလိပ်ကလေးတွေကိုယ်စီနဲ့ ပျော်ကြပါစေလို့ ဆုတောင်းပေးခဲ့ချင်ပါတယ်။

[ဒိုင်ယာရီ ၁]
ဖော်ဝေး
ပတမအကြိမ် ပုံနှိပ်ခြင်းမှာ
ပုံမနှိပ်ဖြစ်ခဲ့တဲ့
"ဖော်ဝေး"၏ အမှာ...မှ

# မောင်သာနိုး ၏ အမှာ

ဒီနေရာမှာ သတိချပ်စရာကတော့ ကဗျာဆရာဆို တာ ဖန်ဆင်းသူထဲမှာမှ အကြီးမားဆုံး ဖန်ဆင်းသူဖြစ်တယ်။ မိမိရဲ့ ဒီအခန်းနေရာကို အမြဲသတိရှိပြီး တာဝန်သိတဲ့ မိမိကိုယ်ကို ရိုသေလေးစားတဲ့ ကဗျာဆရာဟာ အမတကဗျာတွေ ဖန်ဆင်း နိုင်မှာပဲ။ ကဗျာရေးပြီဆိုကတည်းက စကားပြေရေးတာ မဟုတ် တော့ဘူးဆိုတာ ဦးနှောက်ထဲမှာ အလိုလိုစွဲမှတ်ပြီး ရှိနေရလိမ့်မယ်။ နို့မဟုတ်ရင်တော့ သူများဆိုပြီးသားတွေကိုထပ်ဆို ဘာမှအသစ် မဖန်ဆင်းနိုင်ဘဲ သူလိုငါလို အရေးသမားတစ်ယောက် ဘဝနဲ့တင် စာရွက်တွေ ကို ကိုယ်နဲ့အတူ မြေကြီးထဲ သယ်သွားရလိမ့်မယ်။

မောင်သာနိုး<br>
ပထမအကြိမ်ပုံနှိပ်ခြင်း<br>
"မောင်သာနိုး"ရဲ့ အမှာမှ

## ဒဂုန်တာရာ၏ အမှာ

ကိုအောင်ချိမ့်နှင့် စတွေ့တော့ သူက အသက် ၂၀ အရွယ်။ လူငယ်။ ထို့နောက် ကျွန်တော်နှင့်အဆက်ပြတ်သွားပြန်သည်။ တစ်ခါတရံ လမ်းပေါ်တွင် သူ့ကိုတွေ့မိသည်။ သူ့လမ်းသူလျှောက်နေတာဟု ကျွန်တော်က နားလည်နေသည်။ ယခု ပြန်တွေ့ပြန်ပြီ။

တွေ့တော့လည်း ကျွန်တော် အမှာရေးရပြန်သည်။ သူလည်း မျိုးဆက်တစ်ခုကို ဖြတ်သွားပြီးပြီ။

သူသည် "ဂန္ထဝင်မမ"နှင့် ကားမှတ်တိုင် လမ်းပေါ်တွင် တွေ့ရသည်။ သူ့မမက သူ့အမေအရွယ်လောက်ရှိပြီဟဲ့ဟု တုံ့ပြန်လိုက်သည်။ ဒါက ကဗျာခံစားမှုဖြစ်ပေမည်။

နောက်ခံကားတွင် သင်္ကေတရုပ်ပုံ စကားလုံးများဖြင့် လူမှုရေးဝေဒနာများကို မမေ့ဘဲ ဖွဲ့နွဲ့ထားသည်ကို တွေ့ရသည်။

ထိုအခါက သူသည် ဆံပင်ရှည်နှင့်။ သူနှင့် အတွဲက လှိုင်။ လက်ဖက်ရည်ဆိုင်တွင် တစ်နေကုန် ထိုင်နေသည်ကို ကျွန်တော် ဖြတ်သွားဖြတ်လာ မြင်နေခဲ့ရသည်။ ကျွန်တော်တို့နှင့် ကဗျာအကြောင်းပြောဖြစ်သည်။ ထိုခေတ် လူငယ်တို့၏ ရုပ်ပုံလွှာ။ သူ နွေဦးထုတ်တော့ ကျွန်တော် နှင့်ပြန်တွေ့ရသည်။

ကဗျာပုံသဏ္ဍာန်သစ် ရှာဖွေနေသော ယင်းကာလတွင်
ကိုအောင်ချိမ့်နှင့် ကျွန်တော် ခင်မင်လာခဲ့ခြင်း ဖြစ်သည်။

ဒဂုန်တာရာ
ပထမအကြိမ် ပုံနှိပ်ခြင်း
"ဒဂုန်တာရာ"၏ အမှာမှ--

# သို့

"အသက်တစ်ရာ မနေရ အမှုတစ်ရာပွေရ" ဆိုတဲ့ မြန်မာစကားတစ်ခွန်းအရဆိုရင်တော့ ဒီကဗျာဟာ အမှုတစ်ရာထဲက တစ်မှုမှုကို ဖွဲ့နွဲ့တာပါပဲ။ ဒါမှမဟုတ် အောင်ချိမ့် အရပ်သုံးစကားနဲ့ ရည်းစားစကား ပြောတာပါပဲ။

ကဗျာရဲ့ အောက်ခြေနေ့စွဲကို ကြည့်မိတော့ ၂၉-၈-၇၄ တဲ့။ ကဗျာကိုဖတ်တဲ့အခါ နေ့စွဲကို သတိပြုခဲ့ဖို့ပါပဲ။ နည်းနည်းကြာခဲ့ပါပြီ။

တစ်ခါတစ်လေ ငြိမ်ငြိမ်ကလေးထိုင်ပြီး မိမိရဲ့ အဆင်မပြေခဲ့ပုံတွေကို ပြန်လည်တွေးတောရတာ ပျော်စရာကောင်းလှပါတယ်။ အဲဒီ အတွေးအယူမျိုးနဲ့ "ဂန္ထဝင်မမ" ကို ထုတ်ဝေဖြစ်ပါတယ်။ သဘောမတူရင်ဖြင့် ခင်ဗျားအလို အတိုင်း ရှိပါစေ။

လေးစားစွာဖြင့်
အောင်ချိမ့်
၁၉၇၇ ရန်ကုန်။

# ဒုတိယအကြိမ်အတွက်စကား

၁၉၇၄ မှာ နတ်ကတိုက်တွန်းသလို "ဂန္ထဝင်မမ" ကို ချွေးတွေသံတွေနဲ့ ကျွန်တော် ရေးဖွဲ့ခဲ့။ ပြီးစီးခဲ့။ ဒီနောက် နှစ်အနည်းငယ်တွေဝေနေကာ ၁၉၇၉ မှာ စာအုပ်အဖြစ် ထုတ်ဝေဖြစ်ခဲ့။ အဲဒီမှာ ကျွန်တော်တို့ရဲ့ မောင်သာနိုးက စကားကုန်သလောက် အကဲဖြတ်ခဲ့။

အခု ဒုတိယအကြိမ် ပုံနှိပ်ဖို့ ဖြစ်လာတော့မှ ဒီကဗျာဟာ နှစ် ၂၀ နီးပါးရှိခဲ့ပြီဖြစ်ကြောင်း သတိထားမိတယ်။

ဆန္ဒရှိရင် ချစ်ခင်ဖွယ်လူငယ်တစ်ဆက်ကို လက်ဆောင်ပြုလိုရဲ့။

ဟုတ်ကဲ့။ ကျွန်တော်တို့တွေရဲ့ မအောင်မြင်ခဲ့ပုံဒုလ္လဘမှာ အနုပညာက စိတ်ချမ်းသာမှုပေးနိုင်စွမ်းခဲ့တယ်။

ဒါကြောင့် ၁၉၉၃ မှာ ခင်ဗျားတို့နဲ့ တွေ့ဆုံဖြစ်လေရဲ့။

လေးစားစွာဖြင့်
အောင်ချိမ့်
၁၉၉၃ ရန်ကုန်။

# တတိယအကြိမ်အတွက်

ငယ်ရာက ကြီးလာကြတယ်။ မြိနေတဲ့ စားသွားပေါ်က ပျားရည်စက်ဟာ ချိုခဲ့တယ်။ ကမ္ဘာတစ်ဝှမ်းက နာရီတွေသွားနေတယ်။ အဲဒီသွားနေတဲ့ နာရီစက်သံပေါ်မှာ ပန်းတွေမပျက်မကွက် ပွင့်ခဲ့တယ်။ အနုပညာအရလဲ ပန်းတွေ ပွင့်ခဲ့တယ်။ အဲသလိုနဲ့ "ဂန္ထဝင်မမ"ကို ကျွန်တော် ရေးဖွဲ့ခဲ့တယ်။

မူလ ရည်ရွယ်ချက်က လက်နှိပ်စက်မူနဲ့ သူငယ်ချင်းတွေ လှည့်ဖတ်ပြီး ပျော်ရွှင်စေဖို့ပါပဲ။ ဒီ "ဂန္ထဝင်မမ" ကို ရေးဖြစ်အောင် ရေးပြီး အောင် "ဖော်ဝေး"က အထူးတွန်းအားပေးခဲ့တယ်။ သူပါပါဝင်သလို ဖြစ်ခဲ့တယ်။ ကဗျာပြီးသွားတဲ့အခါ အားလုံးပျော်ရွှင်ခဲ့ပါတယ်။ ဒါပေမယ့် စာအုပ်အဖြစ် ဖြစ်လာတော့ "ဖော်ဝေး"ထွက်ခွာသွားပါ ပြီ။ ဒါကြောင့် ပုံနှိပ်ခြင်းများမှာ ဖော်ဝေးကို ရည်ညွှန်း ထုတ်ဝေခဲ့တယ်။

အခု တတိယအကြိမ် ထုတ်ဝေဖြစ်ပါတယ်။ လက်နှိပ်စက်မူနဲ့ သူငယ်ချင်းများ လှည့်ဖတ်ခြင်းမှ ယခု ပုံနှိပ်ခြင်းအကြိမ် ရောက်တဲ့အခါ ကျွန်တော်တို့ အသက် ၅၀ ပြည့်ပြီးဖြစ်ခဲ့သလို ဆရာ "ဒဂုန်တာရာ" အသက် ၈၀ ပြည့်နဲ့ တိုက်ဆိုင်လို့ အလေးအနက်ပြု မှတ်သား လိုပါတယ်။ သမိုင်းပါပဲ။

ဒါ့အပြင် လာမဲ့ (၁) နှစ်ထည့်ပေါင်းရင် သက္ကရာ
၂၀၀၀ ပြည့်ပဲ။ ရာစုအသစ်တစ်ခု ထောင်စုအသစ်တစ်ခု
စတော့မယ်။

ဒါကြောင့် (၃) ကြိမ်မြောက် ပုံနှိပ်ထုတ်ဝေမှုမှာလဲ
မူလရည်ရွယ်ချက်အတိုင်းပဲ ဖတ်ပြီးတဲ့အခါ ပျော်ရွှင်စေ ဖို့ပါပဲ၊
နည်းနည်းဖြည့်စွက်လိုတာကတော့-

သူငယ်ချင်းများအပြင် ပန်းပွင့်များ။

ပျော်ရွှင်မှုအပြင် အဆင့်အတန်းမြင့်သော ပျော်ရွှင်မှု

လေးစားစွာဖြင့်
အောင်ချိမ့်
၁၇-၃-၉
ရန်ကုန်။

# ဂန္ထဝင်မမ

အောင်ချိမ့်

၁။

မမရေ… … … …
မမရေ… … … …

မမရေ...
ကျွန်တော့်ကို တံခါးဖွင့်ပေးပါ။

သွေးရူးသွေးတန်း
ကိန်းဂဏန်းတွေ ကိုင်မြှောက်ပြ
အကြိမ်တစ်ရာရှိပါပြီ
မဟာစကြာဝဠာတစ်ခုလုံး
နဲ့ ပိုလီယံကလွဲပြီး လူသားအားလုံး
စစ်ကိုမုန်းသလို သဘောတူကြတယ်
ဟုတ်တယ်၊ ဒါဖျားနေသူရဲ့ အသံပါပဲ။

အိုး
ငါ ဖျားနေတာ
နွေသုံးခု၊ မိုးသုံးခု
ဆောင်းသုံးခု
ဒုမ့်ဒြပ်မဲ့ လက်ပတ်နာရီ
လူနာကုတင်ပေါ် အိပ်ရာပြင်
ပညာရှိများကို ကန့်ကွက်ရဲ့
အသက်ရှင်ခြင်းဆိုတာ ရင်ခုန်တာပဲ
ဘယ်သူငြင်းမလဲဟေ့
ဘယ်သူငြင်းမလဲ။

ဆရာဝန် ညွှန်ကြားချက်မှာ
လက်ဖက်ရည်တစ်ခွက်ပေးပါ
ဒူးယားတစ်လိပ်ပေးပါ
မမကျွန်တော့်ကို ချစ်ပါ
ဒီကောင် လက်နက်ချရမယ်တဲ့။

မာတာစာအုပ်တိုက်

၂။
သမဝါယမ ဆန် စားသူများ စကားဝိုင်း
လှိုင်းလုံးများ ပြင်းထန်လာ
ကက။ ခခ။ ဂဂ။ ဃဃ။ ငင
x x x x x x x x x x x x
၁။ ၂။ ၃။ ၄။ ၅။ ၆။ ၇။ ၈။ ၉။ ၀
လက်ဖက်ရည်ဆိုင်မှာ ဆိုကြဆဲကြ
မနက် ၉ နာရီ ထိုးပါပြီ။

ဝင်္ဒုကွကြီးမားစွာ
သူမ လာပါပြီ။

ဝင့်ဒုက္ခကြီးမားစွာ
ကျွန်တော် စောင့်နေပါသည်။

လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်ရှိတယ်
မကြည့်ပါလေနဲ့။

မျက်လွှာချထားပါ
ရှေ့နှစ်လံသာ ကြည့်လျှောက်ပါ
ကျွန်တော်ရှိတာကိုတော့ သိမှာပေါ့။

မာတာစာအုပ်တိုက်

ဟိတ်
ပိုက်ဆံထောင်ပစ်နေတဲ့ ချာတိတ်တို့
တဆိတ်တောင်းပန်ပါတယ်
လမ်းဖယ်ပေးလိုက်ကြပါကွာ။

ကင်းတဲက သူငယ်ချင်းတို့ရေ
ငြိမ်ငြိမ်ကလေး နေကြပါကွ
မမခြေလှမ်းပျက်မှာ စိုးမိတယ်။

သူ့ဣန္ဒြေကို ငါဂုဏ်ယူတယ်
သူ့သိက္ခာကို ငါဂုဏ်ပြုတယ်
ငါကတော့ မင်းတို့သိတဲ့အတိုင်းပါပဲ
ခပ်ပျက်ပျက် ခပ်ရမ်းရမ်းကောင်ပါပဲ။

အားနာစရာတောင်
ကောင်းနေပါပြီနော်။

၃။
ဆူးခင်းလမ်း ပထမပိုဒ်
ကြားလိုက်မိပါစ
“ ........
........
ငွေဂုဏ်ဆိုတာ ဘယ်မှမရှိနိုင်ပေ
ဘယ်သူမှ မနှစ်မြို့ကြချေ”
ညအခါ လမ်းလျှောက်ရင်း
ကျွန်တော်ညည်းမိတဲ့ သီချင်းလေ။

လူငယ်ဘဝ အပျော်ညများ
ကာလကုန်ဆုံးသွားပြီးမှ
“ပြန်လည်တမ်းတခြင်းသည်ဒုက္ခ”
ဒဿနဆရာတွေး ခေါ်ဘူးတယ်။

လူငယ်ဘဝ အပျော်ညများမှ
တစ်ည နှစ်ည ညများ
ရင်မှ ထန်ပြင်းစွာ ဆိုတဲ့သီချင်း
ဝရံတာမှ သူမ ငြင်းဆန်ဟန်ပြခဲ့ရာ
ကိုစောငြိမ်းရဲ့ သစ္စာသာ
ကျွန်တော် ဆိုခဲ့ပါတယ်။

မာတာစာအုပ်တိုက်

၄။
"ဂန္ဓဝင်မမ"လေ
ရှေးကကုသိုလ်ကြောင့် ထင်ရဲ့
ကျွန်တော်ရင်တွေ ခုန်တယ်။

နီပြာရောင် မျက်နှာမှာ
သိပ္ပံအလှကုန် ဘာမှမရှိ
သံခင်းတမန်ခင်း အပြုံးမရှိ
သူကျတော့ ကြည့်လို့ကောင်းတယ်။

မြင်ရတိုင်းပါပဲ
ပါတိတ်၊ အချိတ်၊ ဇင်းမယ်ထဘီနဲ့
အင်္ကျီအဖြူ လက်စကချည်းပဲ ဝတ်တယ်
သူကျတော့ ကြည့်လို့ကောင်းတယ်။

အုန်းဆီနဲ့ စိုနေတဲ့ဆံပင်
တင်းပိအောင် ဖြီးသင်ထားတယ်
သူ့ကျတော့ ကြည့်လို့ကောင်းတယ်။

စစ်ကြိုခေတ် တစ်ခေတ်လုံး
မမကိုဖုံးနေတယ်
သူ့ကျတော့ ကြည့်လို့ကောင်းတယ်။

ကျွန်တော်ဟာ ဆံပင်ရှည်တယ်
ကော်လံရှည်တယ်
အရစ်ရှည်တယ်၊ ကျွန်တော်
အကြာ ကြီး စဉ်း စား မိတယ်။

နေ့စဉ် ၂၄ နာရီရဲ့
တစ်မိနစ်များ အလုပ်
ဝတ်တာ စားတာ နေတာ ထိုင်တာအစ
ဂန္ဓဝင်မှုမလို
ငါ အဲသလို ဆိုခဲ့ဖူးဆိုကိုး။

၅။
သူမရဲ့ ကမ္ဘာလေးဟာ
အေးချမ်းမှု ငြိမ်သက်ရှည်လျား
သီးခြားဆန်ဆန်နေရာ
စာအုပ်၊ ခေတ်ဟောင်းသီချင်း
ရွှေဘိုသနပ်ခါး
အပြစ်မဲ့ အကျိုးမဲ့ အချင်းအရာ
လရိပ်အောက် ဝရံတာ
တစ်ခါတစ်လေ ရုပ်ရှင်
ဘုရားစင်၊ ပြည်သူ့မုန့်တိုက်ကိတ်
လမ်းထိပ်က ဘတ်စ်မှတ်တိုင်
ကြိုးချည်ထားတဲ့ ဖိုင်တွဲ
အလုပ်စားပွဲ
ခေတ်တို့လဲ သူ့ဘာသာသူ ဖြတ်သန်းသွား၏။

က်ခါးတစ်ချပ်ဟာ
ျတ်ခနဲ ပွင့်လာလိုက်
ျတ်ခနဲ ပြန်ပိတ်သွားလိုက်နဲ့
တိုက်ဆိုင်မှု ဖြစ်ချင်လဲဖြစ်မှာပါ)
ါနဲ့ ကျွန်တော်လာရောက်ခဲ့တယ်
ရင်းနှီးတဲ့ ညှော်သည်တစ်ယောက်ပေါ့
မတ်စောက်တဲ့ လှေကားရင်း
နှပျိုခြင်းမီးအိမ် ကိုင်ဆောင်ထားပါတယ်။

ခွင့်လွှတ်ပါ
ဒါမှမဟုတ် ခွင့်ပြုပါ
နေမှာ လမှာ၊ နေ့မှာ ညမှာ
ပန်းပွင့်မှာ၊ ပြက္ခဒိန်မှာ
ဘာသာစကား အသစ်တစ်ခုနဲ့
တံခါးကို ထုနေရဲ့
လူမှုရေးကိစ္စတွေ
စဉ်းစားမနေပါနဲ့
စဉ်းစားမနေပါနဲ့။

၆။

တချို့လူတွေ ထင်မြင်သလို
မထင်မြင်မယုံဆဖို့တော့
ကျွန်တော် ဆွေးနွေးမှုဖြစ်မယ်။

ကောင်းကင်ကြီးတစ်ခုအောက်မှာ
ဘာမှအဆင်မပြေသူတစ်ယောက်ကိုမှ
ကြောက်စရာကောင်းတယ်ဆိုတာ
တရားမဲ့လွန်းပါတယ်။

ဒီကကောင်က
လောကကို မုန်းတီး

လူကြီးမင်းများခင်ဗျား
ထမင်းစားတိုင်း လူမဖြစ်နိုင်ပါ
သာမန်ယေဘုယျလူများ
အရိုးဖြူနေပါပြီ
ကမ္ဘာကြီး ခြောက်သွေ့နေပါပြီ
ယုံကြည်သလိုတော့ ပြောဖူးတယ်။

မာတာစာအုပ်တိုက်

ဒါပေမယ့် ငါ့ရင်ထဲမှာ
နိဗ္ဗာန်ဘုံထက် ပြည့်စုံတဲ့ကမ္ဘာရှိတယ်။

သင်တို့မစဉ်းစားဘူးတဲ့
ငါ့ စဉ်းစားမှုတွေရှိတယ်။

ရိုမီယိုနဲ့ ဂျူးလီးယက်
အက်စသာနဲ့ ပေါလ်တို့အတွက်
စွဲချက်တင်ဖို့ ကိစ္စရှိတယ်။

မာတာစာအုပ်တိုက်

တစ်ခါက မိုးရထားနဲ့
ခရီးသွားစဉ်က
နာကျင်ခဲ့ရတဲ့
ပုဆိုးငွင်းသိုင်းနဲ့ ကောင်လေးအတွက်
ဆောင်ရွက်ပေးရမှာ ရှိတယ်။

လူမှန်းသိတတ်ကတည်းက
ဖြတ်သန်းခဲ့ရတဲ့ ပြဿနာတချို့ပေါ့
ပြောလို့မဖြစ်နိုင်သေးတာတွေလဲ
ရှိပါသေးရဲ့။

ဒီလိုကြားက
မမကို ကျွန်တော်ချစ်ခဲ့မိတယ်။

မာတာစာအုပ်တိုက်

ဩော် ပုဂ္ဂလိက ရင်ခုန်သံ
ဝေဖန်သံကို ရင်ဆိုင်ရင်းနဲ့
အချစ်ကို ဖွဲ့နွဲ့ရအုံးမယ်။

မ၊တာရာစာအုပ်တိုက်

၇။

နေရောင်အားကောင်းစွာ ကျန်ရှိနေသေး
မိုးဖွဲဖွဲလေးနဲ့
ရုံးဆင်းချိန်လေး လှနေတယ်။

ဟိုမှာ
အလို

ဒါ မမ
မမ
ကုငွေတစ်သန်းတန် ခြေအကြွနဲ့
ဒါ မမပဲ
အို ငါ့ကို မြင်တော့မယ်
အို မြင်သွားချေပြီ
ခြေလှမ်းတစ်ချက် တန့်သွားပေမယ့်
ဟန်မပျက်ခင် ဆက်လျှောက်လာရဲ့။

ကျွန်တော် မိုးခိုနေတာပါ
ကျွန်တော် ဘတ်စ်ကားစောင့်နေတာပါ။

ဘတ်စ်မှတ်တိုင်နား တံစက်မြိတ်အောက်မှာ
ကျွန်တော် မိုးခိုနေတာပါ
မမကို နှောက်ယှက်ဖို့ လာစောင့်တာ မဟုတ်ပါဘူး
ဘုရားစူး၊ ကျိမ်းစူး ကျိန်တွယ်ပြောဝံ့ပါတယ်
ကျွန်တော် ဘတ်စ်ကား စောင့်နေတာပါ။

သတ္တိကြီးမားပေ
ကျွန်တော်ရှေ့မှာမှ သူ ရပ်တယ်၊

သူ့ကိုယ်သင်းနံ့ကလေး
နီးနီးကပ်ကပ် မွှေးထုံနေပေါ့။

သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ရင်
သူ့ဆံခွေစ လှုပ်သွားမယ်။

တံစက်မြိတ်တစ်ခုအောက်မှာ
ဒီလိုနှစ်ယောက်ဆုံဖို့
ဘယ်မျှော်လင့်လို့ရမလဲ
ကိုယ့်ကိုယ်ကို ရဲစိတ်တင်တယ်။

ပြောမယ် ပြောမယ်
ငါသူ့ကို စကားပြောမယ်
ခင်သန်းနု စေ့စပ်ကြောင်း သတင်းနဲ့စ
ပြောရရင် ကောင်းမယ်ထင်တယ်။

တွေ့လား၊ ဗိုလ်ချုပ်ဈေး နာရီမိနစ်ကွက်
အားတက်ပြီး ထခုန်တယ်။

ပြောမယ် ပြောမယ်
ငါ့သူ့ကို စကားပြောမယ်
မိုရှီဒါယန် အတ္တုပ္ပတ္တိနဲ့ စတင်
ပြောရရင် ကောင်းမယ်ထင်တယ်။

ဟာ၊ လမ်းဖြတ်ကူးတဲ့ ကောင်မလေး
ခနချင်း သွေးသားဆုတ်
ဘယ်လိုရုပ်ကြီး ပြောင်းသွားတာလဲ၊

ပြောမယ် ပြောမယ်
ငါ သူ့ကို စကားပြောမယ်
ဟိုးမားရဲ့ အက်ပစ်ကဗျာကို ရွတ်ပြ
ပြောရရင် ကောင်းမယ်ထင်တယ်။

အား၊ ရေခဲရေ ၁၀ ပြားသံ
ကံကောင်းပါစေလို့
မေတ္တာပို့နေပေါ့။

ဟုတ်ပြီ
ဆူးအက်တူးမြောင်းကိုစွ
ဝါးတားဂိတ်၊ ဆိုက်ပရပ်

ခင်ဗျားဘယ်လို ထင်မှတ်ပါသလဲ
ခပ်တည်တည် မေးခွန်းထုတ်
နှုတ်ဆက်ပြီး စကားစမယ်
ဟုတ်တယ်၊ ဒါကောင်းတယ်။

ဒါနဲ့ပဲ မိနစ်နှစ်ဆယ်လောက်
လွန်မြောက်သွားပါပြီ။
ဘာမှ မပြောဖြစ်သေး
ကိုယ်သင်းနံ့လေးတော့ မွှေးနေသေးတယ်။

ကျွန်တော့်ရှေ့မှာ ကျောက်ရုပ်လို
သူ ရပ်နေဆဲ။

ရင်မခုန်
မတုန့်လှုပ်တတ်
သူ ရပ်နေဆဲ။

ဩ မမ
ယောကျ်ားမာနကို
တုပပြနေတာကိုး။

မာတာစာအုပ်တိုက်

ကျွန်တော်ကလဲ ညဲ့တယ်
မိနစ်နစ်ဆယ်၊ နာရီဝက်
စကားမထွက်ခဲ့
လက်ဖျားခြေဖျားအေးလာတယ်။

အိမ်ပြန်အရောက်မှာ
ဖျားတာပါပဲ
ညတစ်ညလုံး စာထိုင်ရေးတယ်။

၈။
တကယ့်ခြင်္သေ့
လာပြီဟေ့

တစ်နေ့အောင်ပွဲကို သိရှိ
သူ့ရဲကောင်းတို့၏ စိတ်ဓာတ်ဖြေ့
လာပြီဟေ့
အာဇာနည်တို့ထုံး နှလုံးမွေ့

လာပြီဟေ့
လာပြီဟေ့။

ယခင်၊ မိမိ၏
ရဲဘိ အစဉ်အလာများနဲ့
လာပြီဟေ့။

လက်ထဲမှာ စာ
နှုတ်ဖျားမှာ စကား
ရင်ထဲမှာ တရား
ငါ အေးအေးဆေးဆေး ပြောကြားမယ်။

ဟောဒီ ဩဂုတ်စ်ရဲ့
တစ်မနက်မှာ
ငါ သူနဲ့ ရင်ဆိုင်လိုက်တယ်။

ကျွန်တော် ထပ်ရှုံးပေါ့
စကားတစ်လုံးက ချေမှုန်းတယ်
ငါဟာ မင်းအမေလောက် ရှိပါတယ်တဲ့။

ဘာအဓိပ္ပာယ်ရှိသလဲ
ဘာအဓိပ္ပာယ်ရှိသလဲ။

ဘာအဓိပ္ပာယ်ရှိသလဲ။

ဟောဒီမှာ ကျွန်တော့်စာ
ဖတ်ကြည့်ပါတော့ဗျာ
နောင် ပြဿနာ အရှုပ်အရှင်းလဲ
ခင်ဗျားပဲ အဓိကပါဗျာ
ဒါပဲ ကျွန်တော် ပြောခဲ့ပါတယ်။

၉။
ခင်ဗျား တံခါးထပ်ပိတ်တာပါ
ကျွန်တော် နားလည်ပါတယ်။

နှလုံးသားဆိုတာ
အမေမွေးတုန်းက ပါလာလို့သာ
ခင်ဗျားတို့ ကိုယ်ခန္ဓာမှာ ရှိနေတာပါ
ဘာမှ အသုံးမဝင်တော့ဘူး။

သိက္ခာ

မာန
မိတ္တဗလဌိကာ
ဒေးကာနက်ဂျ်
ပီမိုးနင်း
မျဉ်းဖြောင့်ပေါ်ကလူ

ကွန်ပျူတာလို အသုံးပြုနိုင်တယ်။

မာတာစာအုပ်တိုက်

ကျွန်တော်ဟာ အရှုံးအမှုးသမား
ခံစားမှုပဲ ယုံတယ်။
ခင်ဗျားဘယ်လို ခံစားရသလဲ
ဘုရားပဲ သိမယ်။

ကျွန်တော်မှ မဟုတ်ပါဘူး
ဘယ်သူ့ကို မဆို
အချစ်မှ မဟုတ်ပါဘူး
ဘယ်အလုပ် မဆို
မမရေ၊ ရင်ခုန်သံကို ခံစားကြည့်ပါ
ဒုက္ခအရသာ ချိုမြတယ်
ဘဝကို ချစ်တတ်လာပါလိမ့်မယ်။

အလုပ်မဲ့
ဂုဏ်မဲ့
ရင်းစားမဲ့
အခွင့်အထူးမဲ့
အမဲ့အားလုံးရဲ့ အရှိ
မွန်မြတ်ဘိ နိုင်ငံတော် ရသ
ကောင်းကင်ဘုံမှ၊ အိပ်မက်မှ
ဤမြေပေါ်သို့ ကျဆင်း
အသင်းထုံဆုံး ရနံ့သစ်
အပျိုဖြစ်လာသော ပန်းပွင့်များ
ပွဲတော်များ
ခံစားတပ်မက်စေချင်ပါတယ်။

သေခြင်းကို
အခန်းကျဉ်း ထောင့်တစ်ထောင့်မှ
ငြိမ်ငြိမ်လေး စောင့်စားကြ
မိခင်ဝမ်းက ကျွတ်တာကြာပြီမို့လား။

၁၀။
ဟိုကောင်
        ဝင်လာလိမ့်မယ်
ပုဏ္ဏားကွယ်မှ

ကတ္တရာလမ်းက ထင်ရဲ့
သီချင်းသံနဲ့လေ
စာလုံးတွေထဲ လျှောက်လာတယ်။

ဘတ်သီးတံခါးပိတ်၊

ပြတင်းပေါက် တံခါးပိတ်
လ တံခါးပိတ်၊ နေ တံခါးပိတ်
အိပ်မပျော်သေး
ရင်ခုန် နွေးရင်
ဆေးပြားပုလင်းလေးတွေ ရှိတယ်။

မင်းကို ရင်မခုန်ဘူး
မင်းကို မတုန်လှုပ်ဘူး
ရှုးရှုးဝါးဝါး တံခါးပိတ်

အို ငါ့အရိပ်တွေ
အစိပ်စိပ် အမွှာမွှာ
ဒဏ်ရာနဲ့ သွေးစိမ်းရှင်ရှင်
လူမြင်တိုင်း တိုင်တည်နေပေါ့။

ရုံးစာရေး စာချီ
ကမ်းနား အလုပ်သမား
သံလမ်း အလုပ်သမား
သင်္ဘောသား
ကျောင်းသား၊ စစ်သား
နေ့စား ဆေးလိပ်သမ
ဟင်းရွက်ရောင်းတဲ့ ကောင်မလေး
ပန်းဆမ်း ဈေးသည်
အို လယ်လုပ်သူ အပေါင်းတို့
အကြောင်းဆုံလို့ ပြောကြားပါတယ်
ကျွန်တော့်ကို တံခါးအားလုံးပိတ်ထားတယ်။

တစ်ဦးကိုတစ်ဦး မချစ်ရင်
ရာဇဝတ်မှု မမည်ဘူးလားဟင်။

ကိုယ့်ကိုယ်ကို လိမ်ညာရင်
ပုဒ်မ ၄၂၀ ရှိတယ်
မငြိစွန်းဘူးလားဟင်။
ကမ္ဘာ့ထိပ်ကိုတက်
အဲဒီ အချက်အလက်တွေ
ငါ တင်ပြချင်တယ်။

၁၁။
သင်္ကတစ်ခါ ပြုံးပြ၍
ဘာမှမပြောဘဲနေသောအခါ
ကျွန်ုပ်မှာ တစ်သက်တာလုံး
စောင့်စားနေရပါတော့သည်။
တဂိုး

အသက်တွေလဲ
ဒီလိုပဲဖြင့်
ကြီးရင့်ဖြူဖပ် သွားလိမ့်မပေါ့။
အင်အားသန်ခိုက်
ပုံအောလိုက်ကြ။
တစ်ရံတစ်ခါက
မမတိုက်မိတဲ့ ခလုတ်ကလေး
အခုဆွေးနေပေါ့။

မြစ်တစ်မြစ်မှာ
နှစ်ခါ ရေမချိုးနိုင်ဘူးဆို ထင်ပ
ခေါမအဘိဓမ္မာကို သတိရတယ်။

ကမ္ဘာဟောင်း
နေရာဟောင်း
နေထိုင်မှု အဟောင်းဟာ
ထုံးစံ ကျောင်းတွေလိုပဲ
ရေနစ်သူကို ကျောက်ခဲနဲ့ ပုးချည်တယ်။

ဒီလိုအချိန်မှာ ဟန်မဆောင်ကြရင်ဖြင့်
လောကကြီး စိမ်းလန်းလာနိုင်တယ်။

သွေးသားသန်မာမယ်
ဖျတ်လတ် လျှပ်ရှားမှုရှိမယ်
ရယ်တတ် ပြုံးတတ်အုံးမယ်ဆိုရင်
နောင်တနဲ့ ငိုယိုမှု ကင်းပြတ်
အနာဂတ် ဘုရားပွင့်ပါတော့မည်။

မာတာစာအုပ်တိုက်

ပန်းချီပြခန်း
ပန်းခြံကလေးများ
ယဉ်ကျေးမှု နန်းတော်
သင်တို့အတွက် ခေါ်သံ
ကျွန်တော် စောင့်စားနေပါသည်။

နိုင်ငံရေး
အချစ်၊ ဘဝ
သူမနဲ့ ရောထွေးယှက်
နံနက်ခေါင်းလောင်းသံ ကြားရ
အိပ်ရာမှ ထပါတော့။

မွေးရာပါအဖျား
ကုစားမယ့် သမားခြေသံ
ကံကြမ္မာ မဆုံစည်းခိုက်
အဝိဇ္ဇာ မှောင်မိုက်ဆဲ
အတိုက်စားခံ ဖြတ်သန်း
စကားသံကအစ ကြမ်းတမ်းနေမယ်
ခွင့်လွှတ်ပါလော့ ချစ်တဲ့သူရယ်။

မာတာ၊စာအုပ်တိုက်

၁၂။
ဟက်ဟက်ပက်ပက်
အသံထွက်အောင်ကို
ရယ်မောမိတယ်။

အရှူးတ္တကို
ဓာတ်မှန်ရိုက်လို့မှ မရတာ
စိတ်ချမ်းသာမယ် ထင်ရင်
လုပ်ချင်တာ လုပ်ကြပေါ့။

မနက် ၉ နာရီ
မနက် ၉ နာရီ

ဤကမ္ဘာမြေ လောက
ရုံးတက်ကြ၊ ရုံးဆင်းကြ
အဲသလို လှည့်လည်တယ်။

ဂန္ထဝင်မမ
သူမ လာပါပြီ။

စာတိုက်ပုံးထဲ
စာတစ်စောင် ထည့်လိုက်တယ်။

သူမဘေးမှာ
အဖော် ၁ ယောက်
၂ ယောက်၊ ၃ ယောက်
၄ ယောက် ၅ ယောက်၊ ၆ ယောက်
ခေါပဏီ တပ်ရင်း တစ်ရင်းစာ

မာတာစာအုပ်တိုက်

မဟုတ်ပါ၊ တစ်ယောက်ထဲပါ။

တိုက်ပုံတွေ ဘာတွေဝတ်လို့
ပေါင်ဒါတွေ ဘာတွေ လိမ်းလို့
သေသေဝပ်ဝပ် ကောင်လေးတစ်ယောက်နဲ့
အချိုဖွဲ့လို့။

ကုလားရုပ်ရှင်ထဲက
စုံတွဲရှုခင်းကလေးနှယ်
ကြည့်ရကောင်းလှပါပေတယ်။

ဤကမ္ဘာမြေ လောက
ငြိမ်းချမ်းကြပါစေ။

လူသားအားလုံး
အရှုံးဒုက္ခ၊ ကင်းပကြပါစေ။

မာတာစာအုပ်တိုက်

ဟက်ဟက်ပက်ပက်
အသံထွက်အောင်ကို
ရယ်မောမိတယ်။

မာတာစာအုပ်တိုက်

နောင်အနှစ်တစ်ရာ၊ နှစ်တစ်ထောင်
ဒီကောင်ရဲ့အချစ်
ပျို့မြစ်နေမှာပဲ
မုချယုံတယ်။

အလုံခြုံဆုံး တံခါးတစ်ချပ်
ဘယ်နှစ်ရာသီ ဖြတ်သန်းနိုင်သလဲ
ကမ္ဘာထဲတုန်ခါနေတော့တယ်။ ။

ကျွန်တော်မှ မဟုတ်ပါဘူး
ဘယ်သူ့ကိုမဆို
အချစ်မှ မဟုတ်ပါဘူး
ဘယ်အလုပ်မဆို
မမရေ၊ ရင်ခုန်သံကိုခံစားကြည့်ပါ။

# အောင်ချိမ့်

# ဂန္ထဝင်မမ

cover:po po